လေသာကျေးရွာ

မြောက်လည်ကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လေသာကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
အလယ်စု ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုဖြို့နယ်	၇
အလယ်စုကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုဖြို့နယ်	၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၀
(ခ) သဘာဝအရင်းအမြစ်များ ၁၀
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၃
(င) ကျန်းမာရေးနှင့် အာဟာရ ၁၄
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၄
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၅
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၅
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၇
(ဃ) ရွှေ့ပြောင်းလုပ်သားများ ၁၈
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် ၁၉
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၉
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၉

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၉
(စျ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့် ဆက်သွယ်ရေး ၂၁
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၂၂
(ဋ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၃
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၃
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၃
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၄
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်
ကျသော ချိတ်ဆက်မှုများ ၂၅
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၆
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၇
(ဂ) ဦးစားပေး စီမံချက်များ ၂၇
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၃၀
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၁
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၃၂
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၃၂
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၃၂
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၃၃
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၃
(က) ကြီးကြပ်စစ်ဆေးခြင်း ၃၃
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၅
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၆

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၃၇
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၄၂
ရည်ညွှန်းချက်များ ၄၃
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၄၄
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လေသာကျေးရွာ

မြောက်လည်ကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

စာအုပ်ပြုစုရေးသားသူ

ဒေါ်မေဦးအောင်(အကြီးတန်စာရေး)

ဝန်းသိုကျေးလက်

လေသာကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- လေသာကျေးရွာအရင်းအမြစ်ပြမြေပုံ - လေသာကျေးရွာ၊ မြောက်လည်ကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွှတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွနုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွနုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွနုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွနုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။လေသာကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ကသာခရိုင်၊ဝန်းသိုမြို့နယ်၏အရှေ့မြောက်ဖက်တွင်တည်ရှိပါသည်။ဝန်းသိုမြို့မှ(၂) မိုင်ခွဲအကွာတွင်တည်ရှိ၍ဒေါင်းမြူးချောင်း၏အရှေဘက်ကမ်းပေါ်တွင်တည်ရှိပြီး ၁၄.၃၀၈ကျယ်ဝန်းပါသည်။ရွာ၏အရှေ့ဘက်တွင်လယ်ကွင်းများနှင့်ကျေးရွာစာသင်ကျောင်းချမ်းမြသီတာမူလတန်းခွဲရှိပါသည်။ရွာ၏အနောက်ဖက်တွင်နမော်ကျေးရွာ၊လယ်ဦးကျေးရွာ၊တို့နှင်ဆက်စပ်လျက်ရှိပြီးသုသာန်၊ ရေသွင်းမြောင်းစောဘွားတူးမြောင်းရှိပါသည်။ တောင်ဘက်တွင် ရေသွင်းမြောင်းစောဘွားတူးမြောင်း ၊၁မိုင်ခွဲခန်အကွာတွင်ခန့်အကွာတွင်ချမ်းမြသီတာကျေးရွာနှင့်ထိစပ်လျက်ရှိပြီး၊ ၂မိုင်ခန့်အကွာ တွင်မြောက်လည်ကျေးရွာတည်ရှိပါသည်။မြောက်ဖက် ၂မိုင်ခန့်အကွာတွင်သစ်တောများတည်ရှိပြီး အရှေ့မြောက်ဘက်တောင်ပေါ်တွင်စိမ့်စမ်းရေစုကန်တည်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်သူများပြီးဒေါင်းမြူးချောင်း ရေရရှိမှုအပေါ်မူတည်၍လယ်ယာလုပ်ငန်းစပါး၊ပဲ၊နမ်းစသည်တို့ကိုစိုက်ပျိုးကြပြီးသစ်တောများတွင် ပဲစင်းငုံကိုအနည်းစုစိုက်ပျိုးကြပါသည်။

<u>ရာသီဥတု။ ။စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ကိုင်ရန်သင့်တင့်မျှတသောရာသီဥတုရှိပါသည်။အပူချိန်မြင့်ပြီးမိုးအသင့်အတင့်ရွာသည်။နွေ၊မိုး၊ဆောင်းဥတုသုံးပါးရှိသည်။ပူအိုက်စွတ်စိုသော ရာသီဥတုမျိုးဖြစ်သည်။</u>

<u>မြေမျက်နှာသွင်ပြင်။ ။လေသာကျေးရွာသည်တောင်ကုန်းတောင်တန်းများပေါများပြီးမြေပြန့်အသင့်အတင့်ရှိပါသည်။</u>

(ခ) သဘာဝအရင်းအမြစ်များ ။ လေသာကျေးရွာတွင်သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများမရှိပါ။ဒေါင်းမြူးချောင်းနှင့်နီးသည့်အတွက်ကျောက်၊သဲ၊ကျောက်စရစ်များပေါများစွာရရှိနိုင် ပါသည်။သဘာဝအပင်မျိုးစိတ်များ နွားစာ၊ ဆေးဘက်ဝင်အပင်များ အနည်းငယ်ရရှိနိုင်ပါသည်။ သဘာဝ တိရစ္ဆာန်မျိုးစိတ်များတွင်ကြွက်၊မြွေ၊ကြောင်၊ယုန်၊တောကြက်၊ခါ၊ငုံးစသောအကောင် များရနိုင်ပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။။ ကျေးရွာတွင် နေထိုင်သူများတွင် နို့စို့အရွယ်ကလေးများသည် မိခင်၏နို့ရည်ကိုအဟာရအဖြစ် ပုံမှန်တိုက်ကြွေးခြင်း၊ကာကွယ်ဆေးကိုပုံ မှန်ထိုးယူခြင်းတို့ကြောင့်ကောင်းစွာရှင်သန်ကြီးထွားမှုရှိကြပါသည်။၅နှစ်အောက်ကလေးများသည် ကာကွယ်ဆေးများကိုမပျက်မကွက်ထိုးခြင်းသောက်ခြင်းများပြုလုပ်ကြပြီးလွတ်လပ်စွာဆော့ကစား နိုင်ကြပါသည်။အလယ်အဆင့်ကိုအားတက်ရောက်နိုင်ခြင်းမရှိပါ။အလုပ်လုပ်နိုင်သည့်အရွယ်များမှအချို့သည်

မိဘများကိုကူညီလုပ်ကိုင်ကြပြီးအချို့မှာအလုပ်လက်မဲ့ဖြစ်နေကြပါသည်။သက်ကြီးရွယ်အို များမှာ မိသားစု၏ကူညီစောင့်ရှောက်မှုအောက်တွင်ကောင်းစွာနေထိုင်ကြပါသည်။နို့စိုအရွယ်ကျား ၂ဦး၊မ ၂ဦး၊ ၅နှစ်အောက်ကလေးကျား၁၀ဦး၊မ၁၂ဦးရှိ၊မူလတန်းကျောင်းသားအရွယ်၅နှစ်မှ၉နှစ်အတွင်ကျား၁၁ ယောက် ၊မ ၇ ယောက်၊အလယ်တန်း ကျောင်သားအရွယ် ၁၀နှစ် မှ၁၄နှစ် အရွယ် ကျား၉ ယောက်၊ မ၁၅ယောက်၊အလုပ်လုပ်နိုင်သည့်အ ရွယ်၁၅နှစ်မှ၆၄နှစ်အတွင်း ကျား-၈၉ ယောက်၊ မ-၉၂ ယောက် အသက်၆၅နှင့်အထက်သက်ကြီးရွယ်အိုကျား၄ယောက်မ၁၂ယောက်ရှိပါသည်။စုစုပေါင်း ကျား၁၂၅၊ မ ၁၄၀ ယောက် ရှိပြီး ရွာတွင် ကျား၊မ စုစုပေါင်း ၂၆၅ ယောက်နေထိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။လေသာကျေးရွာ၏အဓိကစီးပွါးရေးလုပ်ငန်းမှာလယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ရွာ၏လယ်ယာစိုက်ပျိုးရေးသည်မိုးရာတွင်မိုရေ များသည် တောင်ကျချောင်းရေအဖြစ် ချောင်းများထဲသို့ စီးဝင်ပြီး၊ ချောင်းမှတဆင့်လယ်သွင်းမြောင်းထဲသို့သွယ်ယူစိုက်ပျိုးကြပါသည်။မိုးရေခံလယ်များလည်းရှိပါသည်။နမော်ဆည်ရှိပါသည်။ထိုဆည်မှရေများကိုကျေးရွာအတော်များများမှတောင်သူလယ်သမားများအားထားရသောအရင်းအမြစ်တ ခုဖြစ်ပါသည် ။ သို့သော် မိုးကောင်းသောအခါတွင် ၇ရက်၊၁၀ရက်ဆက်မိုး ရွာသွန်းသောအခါတွင် တောင်ကျရေများသည် တောင်များပေါ်မှ တဟုန်ထိုး ကျဆင်းလာပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိပါသည်။ ထိုအခါ တွင်နမော်ဆည်ရေနှင့်မျောပါ သွားလေ့ရှိပါသည်။ရေလွှဲ ဆည်များသည်လည်း ကျိုးပဲ့ပျက်စီး သွားတတ်ပါသည်။ ရေဆွဲဆည်များရှိမှ သာရေသွင်းမြောင်းများသို့ရေများ စီးဝင်မည် ဖြစ်ပါသည်။နမော်ဆည်ကိုပြန်လည်ပြုပြင်ပေးရန်လိုအပ်နေပါသည်။နမော်ဆည်ပြုလုပ်ပြီးလျှင်စိုက်ပျိုးရေဖူလုံနိုင်ပါသည်။ကျွန်တော်ရွာရှိရေသွင်းမြောင်နံဘေးမှလယ်သမားများကြုံတွေ့နေရသောနောက်အခက်အခဲတခုမှာစပါးရင့်မှည့်ချိန်ရောက်လျင်လယ်မြေထဲ၌ရေမခန်းနိုင်သောအခြေအနေများကြုံတွေ့နေရပါသည်။ရေသွင်းမြောင်းများတိမ်ကောနေပြီးလယ်မြေကနိမ့်၍ရေမြောင်းကမြင့်နေပါသည်။ရေသွင်

မြောင်းများတိမ်ကောနေသည်ကိုပြန်လည်တူးဖော်၍ရေထုတ်မြောင်းအဖြစ်ရေထုတ်လျှင်အဆင်ပြေနိုင်မည်ဖြစ်သော်လည်းလယ်သမားများလူအင်အားမတတ်နိုင်ကြပါ။စက်ယန္တယားအကူအညီလိုအပ်နေပါသည်။မြေတူးကားအကူအညီရယူလိုပါသည်။စပါးရင့်မှည့်ချိန်ရေများအီနေသဖြင့်လယ်ကွင်းအချို့မှစပါးပင်များအပင်ရေပုတ်၍သေကုန်ပါသည်။စပါးပင်အရွက်များဝါ၍ပြပိုးများကျသည်များလည်းရှိပါသည်။ရိတ်သိမ်းရာတွင်လည်းစိမ့်ပေါက်သဖြင့်မတွင်ကျယ်၊ကောက်လိုင်းစပါးများရေစို၍အောက်ကုန်ပါသည်။အောင်ရေရပြီးနောက်ပိုင်း၁၀ရက်၁၅ရက်ထိရေများမထွက်နိုင်ပဲလယ်ကွင်းထဲတွင်အီနေပြီးစိမ့်ပေါက်နေသောကြောင့်ဖြစ်ပါသည်။

စီးပွါးရေးအခြေအနေနှင့်ဝင်ငွေ။ ။လေသာကျေးရွာသည်စိုက်ပျိုးကိုအဓိက ထား လုပ်ကိုင်ပြီးမွေးမြူရေးကိုလုပ်ငန်းကိုတပိုင်တနိုင်တွဲဘက်လုပ်ကိုင်မှုကြောင့်စား၀တ် နေရေးဖူ လုံ သော အဆင့်တွင်ရှိပါသည်။စိုက်ပျိုးရေးလုပ်ငန်းမှာ မိုးစပါးအပြင်နွေစပါးများကိုလည်းတောင်သူဦးဥဦး ရှိသော်လည်းစိုက်ပျိုးနည်ပညာအားနည်းကြခြင်းရင်းနှီးငွေမရှိခြင်းတို့ကြောင့်နွေစပါကိုစိုက်ပျိုးသူဦး ရေနည်းလှပါသည်။စိုက်ပျိုးမွေမြူရေးမဟုတ်သောအခြားအသက်မွေးမှုတွင်မြက်ခြင်းကြားများကိုတ ပိုင်တနိုင်ရက်လုပ်ကြသူများအနည်းငယ်ရှိပါသည်။သိုသော်ကုန်ကြမ်းဖြစ်သော၀ါးကိုအလွန်၀ေးသော ၀ါးရှိသောနေရာတောတောင်များသို့သွားရောက်ခုတ်ယူကြရပါသည်။ယခုအခါသစ်တောများပြုန်းတီး လာသဖြင့်၀ေးလံခေါင်ဖျားနေရာများသို့သွာရောက်ခုတ်ယူကြရပါသည်။အခြားနေရာမြို့ရွာများသို့ ရွှေပြောင်းလုပ်ကိုင်သောအိမ်ထောင်စု၁စုရှိပါသည်။။မြေပိုင်ယာပိုင်မရှိသူများသည်စပါးရိတ်၊ကောက် စိုက်၊ပျိုးနုတ်၊ခြင်းရက်ခြင်းအခြားကျပန်း၊ကြံရာကျပန်းရရာအလုပ်များလုပ်ကိုင်ခြင်းဖြင့်အသက် မွေးကြပါသည်။လယ်ယာစိုက်ပျိုးရေးတွင်ကောက်စိုက်ခြင်း၊ပျိုးနှုတ်ခြင်းလုပ်ငန်းများလုပ်ငန်းများတွ င်နေ့စား(ကျား- ၄၀၀၀ကျပ်၊မ -၃၀၀၀-ကျပ်နှုန်းဖြင့်ငှားရမ်းရပြီး ပုတ်ပြတ်အများဆုံး ကျား ၅၀၀၀၊မ ၄၀၀၀ခန့်ရရှိပါသည်။အလုပ်အကိုင်အခွင့်အလမ်း ရှားပါး ပါသည်။ကျားနှင့်မလုပ်အားခ ကွာဟမှုမမြင့်ဟုထင်မြင်သုံးသပ်မိပါသည်။စပါးရိတ်သိမ်းချိန်၊ပျိုးနှုတ်ကောက်စိုက်ချိန်များတွင်အ လုပ်အကိုင်ရှိပြီးကျန်အချိန်များတွင်ခြင်းရက်ခြင်း၊ရွှေကျင်ခြင်း၊ပဲနှုတ်ပဲခွေခြင်းများပြုလုပ်ခြင်းဖြင့် အသက်မွေးကြပါသည်။

ပိုင်ဆိုင်မှုနှင့်မမျှတမှု။ ။ဤရွာရှိလယ်မြေများမှာ ၁၅၂.၀၂ဧကရှိပြီးမြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်တောင်းမွန်ပါသည်။၅၀%မှာမြောင်သွင်းလယ်များဖြစ်ပြီး၅၀%မှာမိုးရေခံလယ်များဖြစ် ပြီးမိုးရာသီကာလများတွင်သာစိုက်ပျိုးရသည့်တစ်သီးစားလယ်များဖြစ်ပါသည်။နွေစပါး(မူရင်းစပါ များ)ကိုရေသွင်းမြောင်းနဘေးရှိလယ်များတွင်စိုက်ပျိုးကြပြီးကျန်နေရာများတွင်မြေပဲ၊ပဲတောင့်ရှည် ၊ပြောင်း၊သခွါး၊ကြက်သွန်နီ၊ခရမ်းချဉ်၊စသည့်သီးနှံများအနည်းငယ်စိုက်ပျိုးကြပါသည်။ဥယာဉ်ခြံမြေမျ ား သည်(၅)ဧကရှိပါ သည်။မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ကြပါသည်။ မြေလွပ်မြေလပ်မှာ၁၇.၇၈ဧကရှိပြီးမြေဆီလွှာအရည်အသွေအသင်အတင့်ကောင်းမွန်ပါသည်။ ဤရွာ တွင်အဆင်ပြေအိမ်ထောင်စု(၂၅)အိမ်သာသည်လယ်ယာများပြည့်စုံသည်အတွက်စီးပွါးရေး အဆင်ပြေ

သည်ကိုတွေ့ရပါသည်။ကျန်သောအိမ်ထောင်စုများသည်လယ်အနည်းငယ်စီရှိကြပြီးအလယ်အလတ် ရှိ သောအိမ်ထောင်စု(၁၀)အိမ်၊မပြေလည်သောအိမ်ထောင်စု(၁၂)အိမ်သည်၀ါးဖြင့်ပြုလုပ်သော ခြင်းများ ရက်ခြင်းအခြားကြံရာကျပန်းများလုပ်ကိုင်ကြပြီးအသက်မွေးကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ဤရွာတွင်၃လအောက် ၀မ်းစာဖူလုံမှု(၂)အိမ်ရှိပါသည်။ထိုအိမ်များသည်မိဘဘိုးဘွားများကိုကူညီလုပ်ကိုင်ခြင်း၊လယ်အငှားလုပ်ခြင်းများ လုပ်ကိုင်စားသောက်ကြသောကြောင့်၀မ်းစာအသင့်အတင့်ဖူလုံပါသည်။ကျန်(၂)အိမ်မှာလယ်ယာမြေပိုင်ဆိုင်မှုမရှိသဖြင့်အခြား၀င်ငွေရအလုပ်အကိုင်အခွင့်အလမ်းမရှိ၍လမ်းမှားဘက်သို့ရောက်သွားကာမူးယစ်ဆေးစွဲနေပြီးမိဘဘိုးဘွားများထံတွင်မှီခိုစားသောက်နေကြပါသည်။အိမ်ထောင်စုများသည်ချေးယူခြင်း၊မိဘဆွေမျိုးများထံမှအထောက်အပံ့ယူခြင်းတို့ဖြင့်ဖြေရှင်းကြပြီးချေးငွေများကိုစားသုံးရန်၊ကျန်းမာရေး၊ပညာရေးများအတွက်အသုံးပြုကြပါသည်။

လေသာရွာတွင်လယ်ဧက၁၅၂.၀၂ဧကရှိပါသည်။မိုးရေခံလယ်များသည်ရာသီဥတုကောင်မွန်ပြီးမိုးကောင်းမှသာစိုက်ပျိုးနိုင်ပြီး၊အထွက်နှုန်းနည်းပါသည်။ရေသွင်းဧရိယာများသည်အထွက်နှုန်းကောင်းမွန်ပြီးပျမ်မျအားဖြင့်တစ်ဧကကို၇၅တင်းခန့်ထွက်ရှိပါသည်။ရေသွင်းလယ်များတွင်မူရင်းစပါးများအနည်းစုစိုက်ပျိုးကြသူများလည်းရှိပါသည်။ပျမ်မျအားဖြင့်တစ်ဧကကို၆၀တင်းခန့်ထွက်ရှိပါသည်။ မြေပဲကိုအနည်းစုစိုက်ပျိုးကြပါသည်။တစ်ဧကတွင်ပျမ်းမျတင်း၇၀ခန့်ထွက်ရှိပါသည်။ ရွာသည် တောင်များ၊တောတောင်များ ပတ်လည်ဝိုင်းနေသဖြင့် မိုးရာသီတွင် မိုးရေများသည် တောင်ပေါ်မှ တောင်ကျရေများအဖြစ် တရိုန်ထိုး ကျလာသဖြင့် ရေကြီးခြင်း များတခဏအတွင်းတွေ့ကြုံရပါသည်။ ထိခိုက်ပျက်စီးမှုမှာ အလယ်အလတ်ရှိပါသည်။ ရွာတွင်အဖိုးတန်သစ်တောများပြုန်းတီးလာခြင်းကြောင့်ရေကြီးခြင်း၊မိုးခေါင်ခြင်း၊မြေပြိုခြင်းမြေဆီလွှာပျက်စီးခြင်းများဖြစ်ပေါ်လေ့ရှိပါသည်။သစ်တောများကိုစည်းကမ်းမဲ့ခုတ်ယူလာကြခြင်းကြောင့်ရေများရှားပါးလာခြင်းများဖြစ်ပေါ်လေ့ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည်သည်လည်းအလွန်အရေးပါလှပါသည်။လမ်းပန်းဆက်သွယ်ရေးအခက်အလယ်အလတ်အဆင့်ရှိပါသည်။မိုးရာသီတွင်ရွှံ့ဗွက်များထခြင်း၊လမ်းချော်ခြင်းများလည်ရှိပါသည်။လူငယ်အများစုသည်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊အတန်းပညာတွင်မူလတန်းအဆင့်ထိသာသင်ယူကြသူများဖြစ်သဖြင့်အသိပညာနည်းပါး၍ဆင်ခြင်ထုံတရား၊အမှားအမှန်မခွဲခြားနိုင်ပဲစိတ်လေ လွင့်ကာမကောင်းသည့်ဘက်သိုစိတ်ယိမ်းယိုင်သွားပြီးအရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း များကြောင့် လူငယ်များတွင် ထိခိုက်သက်ရောက်မှုခံစားရရှိနိုင်သည့် အခြေအနေရှိပါသည်။ ထိခိုက် သက်ရောက်နိုင်သည့် အခြေအနေမှာ မြင့်ပါသည်။လူငယ်များသောက်စား မူးရူးပြီးဆိုင်ကယ်များမဆင်မခြင်မောင်းနှင်ခြင်း၊ခိုးယူလာခြင်းများပြုလုပ်လာကြပါသည်။ လက်လုပ် လက်စားကျပန်း များ၏ ထိခိုက်သက်ရောက်လွယ်မှုမှာ လတ်ပါသည်။မူးယစ်ဆေးဝါးသုံးစွဲသူများ အသင့်အတင့်ရှိသောကြောင့် မြင့်ပါသည်။ မူးယစ်ဆေးဝါး သုံးစွဲသူများအသင်အတင့်ရှိသောကြောင့် ကူးစက်ရောဂါရရှိနိုင်သောသူများ၊ ဆေးစွဲသူများသည် ထိခိုက်သက်ရောက်လွယ်မှုမှာ အလယ်အလတ်အဆင့် ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။မူးယစ်ဆေးသုံးစွဲသူအမျိုးသားများပေါများခြင်းကြောင့်အိမ်ထောင်ဦးစီးအမျိုးသားများလျော့နည်းလာကာမြေယာမဲ့ဆင်းရဲသားတောင်သူ

များ ၊လက်လုပ်လက်စားကျပန်းများနှင့်အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသားအိမ်ထောင်စုများပေါ
များလာသည်။ကျွန်တော်တို့ရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုမရှိပါ။

(၂)(ဃ)ပညာရေးနှင့်ကျွမ်းကျင်မှုများ။ ။ကျွန်တော်တို့ရွာ၏ပညာရေးမှာအားနည်လှပါသည်။ ရွာသူ၊
ရွာသားများသည်မူလတန်းပညာအဆင့်သာ သင်ယူမှုများသောကြောင့်မူလတန်း ကျောင်းထွက်ဦး
ရေများပါသည်။ကျောင်းသားမိဘများသည်လယ်ယာစိုက်ပျိုးရေးကိုလုပ်ကိုင်ကြသောကြောင့်မူလ
တန်း ပြီးလျင်မိဘလက်ငုတ်လက်ရင်းစိုက်ပျိုးရေးလုပ်ငန်းများတွင်ဝင်ရောက်ကူညီလုပ်ကိုင်ကြရင်း
ဘဝကိုကုန်ဆုံးကြပါသည်။ကျောင်းသားအများစုသည်စီးပွါးရေးအဆင်မပြေသည့်မိဘများကိုငဲ့ညှာ
ပြီးအထက်တန်းကျောင်းပညာများကိုဆက်မတက်ဖြစ်တော့ပါ။အလယ်တန်းအထက်တန်းကျောင်း
နေသူအလွန်နည်းပါသည်။ကျေးရွာတွင်ချမ်းမြဲသီတာမူလတန်းခွဲကျောင်းတစ်ကျောင်းရှိပါသည်။
လေသာကျေးရွာတွင်စာမတတ်သူဦးရေကျား-၁ယောက်၊မ-၅ယောက်စုစုပေါင်း-၆ယောက်ရှိပါ သည်။
မူလတန်းအဆင့်ရှိသူကျား-၇၀၊မ-၈၄ယောက်ပေါင်း-၁၅၄-ယောက်ရှိပြီး၊အလယ်တန်းအဆင့်ရှိသူ-
၃၄ ယောက်၊မ-၁၉ယောက်ပေါင်း-၅၃-ယောက်ရှိပါသည်။အထက်တန်းအဆင့်ရှိသူကျား- ၇ ၊ မ-
၁၃ပေါင်း ၂၀-ယောက်၊တက္ကသိုလ်၊ကောလိပ်အဆင့်ရှိသူကျား၁ယောက်၊မ-၅ယောက်ရှိပါသည်။
လက်ရှိကျောင်း တက်နေသောကျောင်သားဦးရေမှာမူလတန်းအဆင့်ကျောင်းတက်ရောက်မှု
အပြည့်အဝရှိသော်လည်း၊
အလယ်တန်းနှင့်အထက်တန်းအဆင့်ကျောင်းတက်ရောက်မှုနဲပါးပါသည်။လက်ရှိကျောင်းတက်နေ
သောကျောင်းသားဦးရေမှာမူလတန်းကျား-၁၁၊မ-၈-ပေါင်း-၁၉-ယောက်အလယ်တန်းအဆင့်ကျား-
၈၊ မ၈-ယောက် ပေါင်း၁၆-ယောက်။ အထက်တန်းကျား-၄ မ-၆ ပေါင်း-၁၀၊ တက္ကသိုလ်၊ကောလိပ်
မ-၁ ယောက်ရှိပါသည်။ကျေးရွာ
တွင်ကျောင်သုံးစာအုပ်နှင့်ဗလာစာအုပ်များစာရေးကိရိယာများလုံလောက် မှုမရှိပါ။
စာရေးခုံများ၊ထိုင်ခုံများလုံလောက်မှုမရှိ၊ အားကစားပစ္စည်းများလက်လှမ်းမှီမှုမရှိသည်ကို
တွေ့ရပါသည်။အစိုးရခန့်ကျောင်းဆရာ၂ယောက်ရှိပါသည်။ကျွမ်းကျင်မှုများအနေဖြင့်စိုက်ပျိုးရေးဖြင့်
အသက်မွေးဝမ်းကြောင်းပြုသူ တောင်သူပညာအသင့်အတင့်တတ်မြောက် ကျွမ်းကျင်ကြပါသည်။
ခြင်းရက်ခြင်းများကိုတပိုင်တနိုင်လုပ်ကိုင်ကြပါသည်။

(၂)(c) ကျန်းမာရေး နှင့် အာဟာရ။ ။ ဤရွာတွင် မိုးရာသီရောက်သည်နှင့်တပြိုင်နက်သတိထားရ
မည်အန္တရာယ်မှာသွေလွန်တုပ်ကွေးရောဂါသည်လည်းပါဝင်သည်။မြန်မာနိုင်ငံတွင်သွေးလွန်တုပ်ကွေး
ဖြစ်ပွါးမှု နှစ်စဉ်မြင့်တက်လျက်ရှိရာ တစ်နှစ်လျှင်ပျမ်းမျှဦးရေ ၁၀၀၀၀ ကျော်ဖြစ်ပွါးပြီး ၆၀%
သေဆုံးနေသဖြင့် အထူသတိထားရန်လိုအပ်ပါသည်။သွေလွန်တုပ်ကွေးရောဂါသည်အေဒီးခြင်ကြား
များမှကူးစက်ကြောင်းသိရပါသည်။ယခင်ကအသက် ၁၅ အောက်ကလေးများတွင်သာ ဖြစ်ပွါး လေ့ရှိ

သော်လည်း ယခုအခါအသက် ၂၀နှင့်အထက်လူကြီးများပါဖြစ်ပွါးလာသည်ကိုတွေ့ရှိရပါသည်။သွေး လွန်တုပ်ကွေး ရောဂါမှာ ကျေးရွာတွင် အဖြစ်များ၍ မြင့်သည်ဟုသိရပါသည်။ ကျန်ရောဂါများမှာ ဖြစ် ပွားမှုနည်း၍အာဟာရချို့တဲ့မှုမရှိပါ။ကိုယ်ဝန်ဆောင်မိခင်များကိုမေးခိုင်ကာကွယ်ဆေးထိုးပေးခြင်း မိခင်မှရင်သွေးငယ်သို့မကူးစက်စေရန်သွေးစစ်ခြင်း၊ကလေးများကို ၂လမှဖြလအတွင်းBCG ၊ဆ.က.မ များထိုးနှံခြင်း၊ပိုလီယိုကာကွယ်ဆေးများထိုးပေးခြင်းများပြုလုပ်ပေးပါသည်။ဇွလပြည့် ကလေးငယ် များကိုဝက်သက်ဂျိုက်ထိုးဆေးထိုးနှံခြင်းဒနှစ်ခွကလေးများကိုဝက်သက်ကာကွယ်ဆေးတိုက်ကျွေး ခြင်း၊ဖြလတစ်ကြိမ်ဗီတာမင်A တိုက်ကျွေးခြင်းနှင့်ပညာပေးဆောင်ရွက်ချက်များ ပြုလုပ်ပေးပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲဆေးခန်းသည်နမော်ကျေးရွာအုပ်စုလယ်ဦးကျေးရွာတွင်ရှိပြီးရှိပြီးရွာ နှင့်၅ဖါလုံခန့်တွင်တည်ရှိပြီး၊မြို့နယ်ဆေးရုံမှာဝန်သိုမြို့တွင်တည်ရှိပြီးရွာနှင့် ၂မိုင်ခန့်ဝေးကွာပါသည် ရွာနှင့် အနီးအနားတွင်ဆေးဆိုင်မရှိပါ။ကျေးရွာရှိအိမ်ခြေ၄၅အိမ်စလုံးရေလောင်အိမ်သာများ/ယင်လုံ အိမ်သာများသုံးစွဲကြပါသည်။အိမ်သာမရှိသောအိမ်ထောင်စုမရှိပါ။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ။ကျွန်တော်တို့ရွာတွင် အမျိုးသမီးများအခွင့်အရေးနည်း ပါးပါသည်။ရွာမှအမျိုးသမီးများသည်ပြင်ပအတွေ့အကြုံဗဟုသုတနည်းပါးကြပါသည်။နေ့စဉ်အိမ်အ လုပ်၊ရေခပ်၊ထမင်းချက်၊ကလေးထိန်း၊အဝတ်လျှော်၊ကောက်စိုက်ချိန်တွင်ကောက်စိုက်စပါးရိတ်ပဲခွေ၊ ပဲနှုတ်ခြင်းတို့နှင့်သာလုံးချာလည်နေကြပါသည်။အခြားအချိန်များတွင်အိမ်အလုပ်များနှင့်သာအချိန် ကုန်ကြပြီးအမြင်မကျယ်ခြင်။မိမိတို့၏စားဝတေရေးကိုသာအာရုံအာရုံစိုက်နေရခြင်းလူဝင်မဆန့်ခြင်း၊ လူတောမတိုးခြင်း၊အသိပညာမရှိခြင်းတို့ကြောင့ကျေးရွာ၏စီမံအုပ်ချုပ်မှုများတွင်ပါဝင်ဦးဆောင်နိုင်မှု မရှိပါ။ကျေးရွာ ၏သာရေးနာရေးများတွင်အုမိုးသမီးများကချက်ပြုတ်တာဝန်ယူပြီးအမျိုးသမီး ငယ်များကကျွေးမွေး မှုတာဝန်ကိုလုပ်ကိုင်ကြပါသည်။မျိုးသမီများသည် သာရေး/နာရေး/ဘာသာရေး လျှက်ရှိပါသည်။အမျိုး သ မီး များသည်လမ်းခင်ခြင်း၊တံတားဆောက်ခြင်း၊လုပ်ငန်းများတွင်တတ်နိုင် သည့်ဘက်မှလုပ်အားပေး ခြင်း၊ကြက်ခြေနီ၊မိခင်နှင့်ကလေးအရန်သားဖွါး၊NGO ၊တီဗီရှာဖွေရေး အ မျိုး သမီးရေးအဖွဲ့များတွင်ပါ ဝင်ဆောင်ရွက်ကြပါသည်။လူကုန်ကူး သံသယဖြစ်ဖွယ် အကြမ်းဖက်မှု စသောဟောပြောပွဲများပြုလုပ်သောကြောင့်အသိအမြင်များရှိပါသည်။အကြမ်ဖက်မှုမရှိပါ။လူငယ်များ သည်သာရေး၊နာရေး၊မင်္ဂလာပွဲနှင့်အလှူပွဲများတွင်မဏ္ဍာပ်ထိုးခြင်း၊စားပွဲထိုင်ခုံများသယ်ခြင်းရေနွေး ကြမ်းလိုက်ခြင်း၊ဟင်းလိုက်ခြင်းများ၊ပါဝင်ကူညီလုပ်ကိုင်ကြပါသည်။လမ်ဖေါက်ခြင်းတံတားဆောက် ခြင်း၊များတွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။အားလပ်ချိန်များတွင်အနားယူအပန်းဖြေ ရန်ရွာ၏အရှေ့ဘက်ရှိဘေ့လုံးကွင်းတွင်ဘောလုံးကန်ခြင်း၊ခြင်းခတ်ခြင်း၊များနှင့်ပျော်ရွှင်စွာကစား ကြပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ။ ။ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ လေသာကျေးရွာတွင်ကျေးရွာဂေါပက အဖွဲ့ ရှိပြီး ကျေးရွာ၏သာသနာရေး၊ဘာသာရေး၊လူမှုရေးများကိုလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ကျေးရွာတွင် စာသင်ကျောင်းကော်မတီအဖွဲ့ရှိပြီး ကျောင်းသား/သူများ၏ ပညာရေး၊ ကျန်းမားရေး၊လုံခြုံရေးနှင့် ကာကွယ်ရေးများကိုတတ်အားသ၍ပါဝင်လုပ်ကိုင်ကြပါသည်။စနေတနဂ်နွေနေ့များတွင်ဓမ္မစကူးက လေးသူငယ်ယဉ ကျေးမှုသင်တန်းကိုဆရာဆရာမများကသင်ကြားပေးကြပါသည်။သာရေးနာရေး ကိစ္စအဝဝများတွင်လူငယ်အမျိုးသား၊အမျိုးသမီးများကဦးဆောင်၍တာဝန်ယူဆောင်ရွက်ကြပါသည် ။မီးဘေးဘိုးရိမ်ရလောက်သော အနေအထားမ ရှိပါ။

(ခ)သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။လေသာရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာအသင့်အတင့် ရှိပါသည်။တောင်သူ(၂)ဦးသည် (၉)ဧက အများဆုံးလယ်မြေပိုင်ဆိုင်သည်ကိုတွေ့ရ ပါသည်။လယ် ယာမြေ(၈)ဧကပိုင်ဆိုင်သူ(၁)ဦးရှိပြီး လယ်မြေ(၇)ဧက(၁)ဦးနှင့်(၆)ဧက(၁)ဦး၊(၅)ဧက (၅) ဦး ရှိပြီး (၁)ဧကအနည်းဆုံး ပိုင်ဆိုင် ကြပြီးမြေယာမဲ့ဆင်းရဲသားတောင်သူ(၁၅)ဦးရှိပါသည်။စုစုပေါင်း အိမ်ခြေ(၉)အိမ်ရှိပါသည်။ဒေသ၏အသက်မွေးဝမ်းကြောင်းမှုမှာစိုက်ပျိုးရေးကိုအခြေခံသောကြောင့်လယ် ဧက(၁၅၂)ဧကကိုစိုက်ပျိုးနိုင်ပါသည်။၅၀%မှာမြောင်းသွင်းလယ်များဖြစ်ပြီး၊၅၀%မှာမိုရေရရှိမှသာ စိုက်ပျိုးနိုင်သောမိုးရေခံလယ်များဖြစ်ပါသည်။မူရင်းစပါးများကိုမြောင်သွင်းရေရရှိနိုင်သောနေရာများ တွင်သာစိုက်ပျိုးကြပြီး၊ကျန်နေရာများတွင်မြေပဲ၊ပြောင်း၊သခွါး၊ကြက်သွန်နီ၊ခရမ်းချဉ်စသောသီးနှံများကို လည်းအနည်ငယ်စိုက်ပျိုးကြပါသည်။ ရွာ၏လယ်ယာစိုက်ပျိုးရေးသည်မိုးရာတွင်မိုရေ များသည် တောင်ကျချောင်းရေအဖြစ် ချောင်းများထဲ သို့ စီးဝင်ပြီး၊ ချောင်းမှတဆင့်လယ်သွင်း မြောင်းထဲသို့သွယ်ယူစိုက်ပျိုးကြပါသည်။မိုးရေ ခံလယ် များ လည်းရှိပါသည်။နမော်ဆည်ရှိပါသည်။ထိုဆည်မှရေများကိုကျေးရွာအတော်များများမှတောင် သူလယ်သမားများအားထားရသောအရင်းအမြစ်တ ခုဖြစ်ပါသည် ။ သို့သော် မိုးကောင်းသောအခါ တွင် ၇ရက်၊၁၀ရက်ဆက်မိုး ရွာသွန်းသောအခါတွင် တောင်ကျရေများသည် တောင်များပေါ်မှ တဟုန်ထိုး ကျဆင်းလာပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ် လေ့ရှိပါသည်။ ထိုအခါ တွင်နမော်ဆည်ရေနှင့် မျော ပါ သွားလေ့ရှိပါသည်။ရေလွှဲ ဆည်များသည် လည်း ကျိုးပဲ့ပျက်စီး သွားတတ်ပါသည်။ ရေ လွှဲ ဆည် များရှိမှ သာရေသွင်းမြောင်းများသို့ရေများ စီး ဝင်မည် ဖြစ်ပါသည်။နမော်ဆည် ကိုပြန်လည်ပြုပြင် ပေးရန်လိုအပ်နေပါသည်။နမော်ဆည်ပြုလုပ်ပြီး လျှင်စိုက်ပျိုးရေဖူလုံနိုင်ပါသည်။ကျွန်တော်တို့ ရွာရှိ ရေသွင်းမြောင်နံဘေးမှလယ်သမားများကြုံတွေ့နေရ သောနောက်အခက်အခဲတခုမှာစပါးရင့်မှည့်ချိန် ရောက်လျှင်လယ်မြေထဲ၌ရေမခန်းနိုင်သောအခြေအ နေများကြုံတွေ့နေရပါသည် ရေသွင်မြောင်းများ

တိမ်ကောနေပြီးလယ်မြေကနိမ့်၍ရေမြောင်းကမြင့် နေပါသည်။ရေသွင်;မြောင်းများ တိမ်ကောနေသည်ကို ပြန်လည်တူးဖော်၍ရေထုတ်မြောင်းအဖြစ်ရေထုတ် လျှင်အဆင်ပြေနိုင်မည်ဖြစ်သော်လည်း လယ်သမားများလူအင်အားမတတ်နိုင်ကြပါ။စက်ယန္တယားအကူအညီလိုအပ်နေပါသည်။မြေတူးကားအကူအညီရယူလိုပါသည်။စပါးရင့်မှည့်ချိန်ရေများအီနေသဖြင့် လယ်ကွင်းအချို့မှစပါးပင်များ အပင်ရေပုတ်၍သေကုန်ပါသည်။စပါးပင်အရွက်များဝါ၍ပြပိုးများကျသည်များလည်းရှိပါသည်။ရိတ်သိမ်းရာတွင်လည်းစိမ့်ပေါက်သဖြင့်မတွင်ကျယ်၊ကောက်လိုင်းစပါးများရေစို၍အောက်ကုန်ပါသည်။အောင်ရေရပြီး နောက်ပိုင်း၁၀ရက်၁၅ရက်ထိရေများမထွက်နိုင်ပဲ လယ်ကွင်းထဲတွင်အီနေပြီးစိမ့်ပေါက်နေသောကြောင့်ဖြစ်ပါသည်။မိုးရေကိုအခြေခံပြီးစိုက်ပျိုးရသောမိုးရေခံလယ်များသည်ရာသီဥတုကောင်းမွန်၍မိုးများမှသာအထွက်ကောင်းပါသည်။ရေသွင်းဧရိယာများသည်ပို၍အထွက်ကောင်းမွန်ပါသည်။ပျမ်းမျှအားဖြင့်၇၅တင်းခန့်ထွက်ရှိပါသည်။မူရင်းစပါးမှာပျမ်းမျှအားဖြင့်တစ်ဧကကိုတင်း၆၀ခန့်ထွက်ရှိပါသည်။အမြတ်နှုန်းမှာအသင့်အတင့်သာရရှိပါသည်။မြေပဲသည်လည်းအထွက်နှုန်းကောင်းပါသည်။ တစ်ဧကတွင်ပျမ်းမျှတင်း၇၀ခန့်ထွက်ရှိပါသည်။လက်တွန်းထွန်စက်ပိုင်ဆိုင်သောအိမ်၁၅အိမ်ရှိပါသည်။ငှားရမ်းသုံးစွဲသောအိမ်ထောင်စု၁၈အိမ်ရှိပါသည်။ငှာရမ်းခမှာတစ်ဧက၁၀တင်းဖြစ်ပါသည်။ တစ်ရက်ကို၅ဧကခန့်ပြီးစီးပါသည်။ခြွေလှေ့စက်မှာ၃လုံးရှိပြီး၊ငှားရမ်းသုံးစွဲသောအိမ်ခြေ၃၇အိမ်ရှိပါသည်။စပါးတစ်တင်းကို၁၀၀ကျပ်နှုန်းပေးရပါသည်။တစ်ရက်လျှင်၆ဧကလောက်ပြီးစီးပါသည်။ ဒေသ၏အသက်မွေးဝမ်းကြောင်းမှုမှာစိုက်ပျိုးရေးကိုအခြေခံသောကြောင့်လယ်ဧက(၁၅၂)ဧကကို စိုက်ပျိုးနိုင်ပါသည်။၅၀%မှာမြောင်းသွင်းလယ်များဖြစ်ပြီး၊၅၀%မှာမိုရေရရှိမှသာ စိုက်ပျိုးနိုင်သောမိုးရေခံလယ်များဖြစ်ပါသည်။မူရင်းစပါးများကိုမြောင်သွင်းရေရရှိနိုင်သောနေရာများတွင်သာစိုက်ပျိုးကြပြီး၊ကျန်နေရာများတွင်မြေပဲ၊ပြောင်း၊သခွါး၊ကြက်သွန်နီ၊ခရမ်းချဉ်စသောသီးနှံများကို လည်းအနည်းငယ်စိုက်ပျိုးကြပါသည်။ မြေလွတ်မြေလပ်မှာ ၁၇.၇၈ ဧက ရှိပြီး မြေဆီလွှာအရည်အသွေးမှာအသင့်အတင့်ကောင်းမွန်ပါသည်။ ဤရွာ၏လယ်ရွာလုပ်ကိုင်ရာတွင်ကိုယ်ပိုင်ကွဲ၊ နွားများကို အသုံးပြုကြပါသည်။ ကွဲနွားများကိုသာ အဓိကအားထားအသုံးပြုကြပါ သည်။သင့်တင့်မျှတသောရာသီဥတုဖြစ်ပါသည်။လယ်ယာမြေအသုံးချနိုင်မှုနှင့်စိုက်ပျိုးရေအရင်းအမြစ်မှာအသင့်အတင့်ရှိပါသည်။ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုတွင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ပေးသော ဝန်ဆောင်မှုနှင့်သမဝါယမအသင်းအဖွဲ့ သာရှိပါသည်။ သဘာဝန္တရာယ်များမြေဆွေးနှင့်အော်ဂင်းနစ်မြေဩဇာ များလည်းရှိပါသည်။ပိုးသတ်ဆေးများကိုလည်းဝယ်ယူနိုင်ပါသည်။ မွေးမြူရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လိုသူများ ရှိပါသည်။လမ်းပန်းဆက်သွယ်ရေး၊ ငွေကြေးဝန်ဆောင်မှုနှင့် နွေရာသီအထိရေ သိုလှောင်ထားနိုင်သော တာတံမံများ ရှိပါက စီးပွားရေးအဆင်ပြေသာ ရွာတစ်ရွာဖြစ်လာနိုင်ပါသည်။။သီးနှံမျိုးစေ့များရရှိနိုင်သော်လည်းလက်လှမ်းမမီခြင်း၊ငွေအရင်းအနှီးမရှိခြင်းတို့ကြောင့် မိမိတို့စိုက်ပျိုးရရှိလာသော စပါးများကိုသာ

မျိုးစပါးအဖြစ်စိုက်ပျိုးကြသောကြောင့် အထွက်နှုန်းလျော့ကျခြင်း၊ စျေးကောင်းမရခြင်းများ ကြုံတွေ့နေရပါသည်။ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩာ နှင့် ဓါတုပိုးသတ်ဆေး သုံးစွဲရန် အသိပညာ အားနည်ခြင်းများ ရင်ဆိုင်နေရပါသည်။ သီးနှံထွက်ကုန်များ ရောင်းချရာတွင် လမ်းပန်းဆက်ရေး မကောင်းခြင်း၊အချိန်မှီမရောက်နိုင်သောကြောင့် စျေးကောင်းမရနိုင်ပါ။

ကျွန်တော်တို့ရွာတွင် မွေးမြူရေးလုပ်ငန်းများကို တပိုင်တနိုင်သာမွေးမြူကြပါသည်။ကျွဲ ၊ နွား၊ များကိုလယ်ယာလုပ်ငန်းများတွင်ခိုင်းစေရန်အတွက်သာမွေးကြပါသည်မွေးမြူရေးဖြစ်ပါသည်။ ကြက်၊ ဝက်၊ များကိုလည်း တပိုင်တနိုင် မွေးမြူကြပါသည်။ ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ် မွေးမြူလိုသော်လည်း မွေးမြူရေးအသိပညာမရှိခြင်းအရင်းအနှီးမရှိခြင်း တို့ကြောင့် စီးပွါးဖြစ် မလုပ်ကိုင်နိုင်ခြင်းဖြစ်ပါသည်။ရွာသူ၊ရွာသားများသည် စီးပွါးဖြစ် မွေးမြူရေးကို စိတ်ပါဝင်စား သူများရှိသော်လည်း မွေးမြူရေးအထောက်အကူပြုလုပ်ငန်းများ၊ မွေမြူရေးဆိုင်ရာ နည်းပညာများ ၊ အသိပညာများလိုအပ်လျက်ရှိပါသည်။ မွေးမြူရေးကို လုပ်ကိုင်ဖို့ အလားအလာများ ရှိပါသည်။ ချောင်း၊ မြောင်း၊ စိမ့်စမ်းရေများရှိခြင်း၊ သဘာဝ တောတောင်များရှိခြင်း၊ မြေလွတ်၊ မြေလပ်များ အသင့်အတင့်ရှိပါသည်။ ကျွန်တော်တို့ ၏ ရွာသည် မွေးမြူရေးအတတ်ပညာ၊ အသိပညာများ၊ မွေးမြူရေးဝန်ဆောင်မှု ချေးငွေများ ရရှိလျှင် ကျွန်တော်တို့ ဒေသအတွက် စီးပွါရေး အတော်အသင့် ချောင်လည် လာနိုင်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ လေသာကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုသာအဓိကထားလုပ်ကိုင်ကြပါသည်။မွေးမြူရေးလုပ်ငန်း များကိုတပိုင်တနိုင်လုပ်ကိုင်ကြပြီး၊စိုက်ပျိုးမွေမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းအနေဖြင့် မြက်ခြင်းကြားကြီးများကိုအိမ်ထောင်စုအနည်းငယ်လုပ်ကိုင်အသက်မွေးကြပါသည်။လုပ်သားအင် အားရရှိနိုင်မှုအသင့်အတင့်ရှိပါသည်။ အမျိုးသားနှင့်အမျိုးသမီးတန်းတူအလုပ်လုပ်ကိုင်ကြ ရပါ သည်။လုပ်အားခများမှာလုပ်ငန်းအပေါ်မူတည်၍အနည်းအများကွာခြားပါသည်။အမျိုးသမီးများ သည်ပြင်ပအတွေ့အကြုံဗဟုသုတနည်းပါးကြသည့်အပြင်နေ့စဉ်အိမ်အလုပ်၊ရေခပ်၊ထမင်းချက်၊က လေးထိန်း၊အဝတ်လျှော်၊ကောက်စိုက်ချိန်တွင်ကောက်စိုက်စပါးရိတ်ပဲခွေ၊ပဲနှုတ်ခြင်းတို့ နှင့်သာလုံး ချာလည်နေကြပါသည်။များသောအားဖြင်အမျိုးသမီးများသည်အိမ်အလုပ်များဗာဟီရအလုပ်များကို သာလုပ်ကိုင်ကြပြီးအမျိုးသားများသည်မိသားစုအတွက်ဝင်ငွေရှာကြပါသည်။ပျိုးနုတ်၊ကောက်စိုက် စပါးရိတ်သိမ်းချိန်၊မြေပဲနှုတ်၊ပဲခွေချိန်များတွင်ဝင်ငွေရသောအလုပ်အကိုင်များရှိသဖြင့်အဆင်ပြေပါသ ည်။ လေသာတျေးရွာတွင် စိုက်ပျိုးရေး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းပြုသူ အခြားဝင်ငွေရ အလုပ်အကိုင် အဖြစ် နေ့စား ကျပန်းများလုပ်ကိုင်၍ အသက်မွေး ဝမ်းကြောင်း ပြုနေသူများလည်းရှိပါသည်။ ခြင်းကြားများယက်ခြင်း၊ရွှေကျင်ခြင်း၊ပဲခွေပဲကောက်ခြင်းစသော

အလုပ်များကိုလုပ်ကိုင်ကြပါသည်။လယ်ယာနှင့် သားငါးထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်မရှိပါ။ ကုန်ကြမ်းများ အသင့်အတင့်ရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် ပစ္စည်းများ အရည်အသွေး အားနည်းနေမှုကြောင့် ဈေးကောင်း မရပါ ။ဤရွာတွင် ဈေးကွက်ဆိုင်ရာ အသိအမြင်များလည်း အားနည်းနေသောကြောင့် အသိပညာပေးရန် လိုအပ်နေပါသည်။ချေးငွေများမှာ အစိုးရစိုက်ဘဏ်ချေးငွေ၊သမဝါယမအသင်းမှချေးငွေများပေးသော်လည်းမလုံလောက်၊ အချို့ကချေးငွေမရပါ။ ပြင်ပအဖွဲ့အစည်းနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ ချေးငွေများမရရှိသောကြောင့် အရင်အနှီးချေးငွေများ လိုအပ်နေကြောင်း လေ့လာတွေ့ရှိရ ပါသည်။ အသေးစားအလတ်စားစီပွါးရေးဆိုင်ရာ ဝန်ဆောင်မှုများ မရှိပါ။ ကျေးရွာတွင် အခြားစီးပွါရေးလုပ်ငန်းရှင်များ မရှိ၍ အလုပ်အကိုင် အခွင့်အလမ်း နည်းပါသည်။ ကျွန်တော်တို့ရွာတွင် ကျောင်းပညာရေးသည် (၄)တန်းအထိ ရှိပြီး အများစုသည် ရွာကျောင်းရှိ(၄)တန်းအောင်ပြီးလျင် ကျောင်းပညာကို ဆက်လက် တက်ရောက်သူနဲပါသည်။ကျောင်းဓိဘများ၏ ငွေကြေးအင်အားနှင့် အဆောင်စရိတ် ထမင်းစရိတ် အစရှိသောကုန်ကျစရိတ်များ မတတ်နိုင်ခြင်း၊အဆင့်မြင့်ကျောင်းသို့ သွားရောက် ပညာသင်ယူရန် ဆန္ဒမရှိခြင်းတို့ကြောင့် အိမ်၏မိရိုးဖလာစီးပွါရေး လုပ်ငန်းဖြစ်သည့် လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းခွင်များတွင်သာ ကူညီလုပ်ကိုင်ရင်း ကုန်ဆုံးရပါသည်။ရွာတွင်လည်း ပညာ အလွန်နည်း၍ အသိပညာ၊ အတတ်ပညာနှင့် အသိဉာဏ်ပညာ၊ ဗဟုသုတများနဲပါးလှပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ။ ။ ကျေးရွာတွင် မိုးရာသီ၌ကောက်စိုက်ချိန် နှင့်စပါးရိတ်ချိန်များတွင်အလုပ်အကိုင်ရှိပြီး၊မြေပဲများကိုအချို့မှစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ငွေလိုလျှင်စပါး များကိုရောင်းချသုံးစွဲကြသောကြောင့်အိမ်ထောင်စုများသည် နောက်ပိုင်းတွင် ဝမ်းစာမရှိသောအချိန်များတွင် စပါးတိုးငွေတိုးများကိုအတိုးဖြင့်ချေးယူစာသုံးကြပါသည်။၃လအောက်ဝမ်းစာဖူလုံသောအိမ်ထောင်စု (၂)အိမ်ရှိပါသည်။၃လနှင့်၆လကြားဝမ်းစာဖူလုံသောအိမ်ထောင်စု(၁)စုနှင့်၆လနှင့်၁၂လထိဝမ်းစာဖူလုံသောအိမ်ထောင်စု(၁)အိမ်ရှိပါသည်။၃လနှင့်၆လြကား(၁)အိမ်နှင့်၆လမှ၁၂ကြား(၂)အိမ်သည်လယ်ယာမြေပိုင်ဆိုင်မှုမရှိပါအခြားဝင်ငွေရအလုပ်အကိုင်မရှိခြင်း၊အလုပ်အကိုင်အခွင့်အလန်းများမရှိသဖြင့်လမ်းမှားဘက်သို့ရောက်သွားကာမူးယစ်ဆေးစွဲ၍မိဘဘိုးဘွားများထံတွင်မှီခိုစားသောက်နေကြပါသည်။ကျန်(၂)အိမ်မှာမိဘဘိုးဘွားများနှင့်တွဲဖက်လုပ်ကိုင်ခြင်း၊လယ်ယာအင့်းလိုက်ခြင်းများ လုပ်ကိုင်စာသောက်နေသောကြောင့်စားဝတ်နေရေး ဖူလုံမှုအသင့်အတင့်ရှိပါသည်။

(c) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။ ။အနီးဆုံးဈေးမှာရွာနှင့် (၂)မိုင်ခန့် အကွာတွင်ဝန်းသိုမြို့မဈေးရှိပြီးဈေးသို့သယ်ယူပို့ဆောင်ရေးနည်းမှာကား ၊သုံးဘီး၊ဆိုင်ကယ်တို့နှင့် သွာလာကြပါသည်။ဝန်းသိုဈေးတွင် ကုန်စိမ်း၊ကုန်ခြောက်နှင့် မီးဖိုချောင်သုံး ပစ္စည်းများ၊အိမ်သုံးပစ္စည်းများ၊အဝတ်အထည်၊ဆောက်လုပ်ရေးပစ္စည်း၊များဝယ်ယူ ရရှိနိုင်ပါသည်။ဈေးအခြေခံအဆောက်အဦးမှာအုတ်ကာ

သွပ်မိုးဖြစ်၍အဆောက်အဦးကောင်းမွန်ပါသည်။ ကုန်စည်နှင့်ဝန်ဆောင်မှုရရှိနိုင်မှုမှာ လိုအပ်သည့် ပစ္စည်းများမရနိုင်ပါ။ဝန်းသိုဈေးတွင်မရနိုင်သောပစ္စည်းများကကောလင်းဈေးသို့သွာရောက်ဝယ်ယူကြပါသည်။ကျေးရွာနှင့်မိုင်(၁၂) မိုင်ခန့် အကွာအဝေးတွင်တည်ရှိပြီး သယ်ယူပို့ဆောင်ရေးမှာ ကား၊ ဆိုင်ကယ်၊ သုံးဘီးတို့ဖြင့်သွားလာ ကြပါသည်။ ကောလင်းဈေးတွင်ကုန်ပစ္စည်းများရောင်းချရာတွင် စားသုံးသူနှင့်ဈေးကွက်တွင်ကြယ်သောကြောင့်ပို၍အရောင်းသွက်ပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ကျန်တော်တိုရွာရှိ တောင်သူ လယ်သမားများသည်မြန်မာ့ စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ ၃လမှ ၆လအတွင်းကာလတို ချေးငွေဖြစ်၍ တောင်သူများ၏အခက်အခဲကြောင့်အချိန်နောက်ကျမှဆပ်နိုင်ကြပါသည်။ကာလတိုချေးငွေအနေဖြင့် စိုက်ဘဏ်မှ၁၈ကလျှင်ကျပ်၁၅၀၀၀၀ရရှိပါသည်။ မြန်မာ့စိုက်ပျိုးရေး ဘဏ်အတိုးနှုန်းမှာပြား (၈၀) ဖြစ်ပါသည်။ကာလတိုချေးငွေဖြစ်သဖြင့်ကာလတိုးမြင့်ပေစေချင်ပါသည်။ လယ်ဂရန်များကို အပေါင်ခံပစ္စည်း အဖြစ် တင်ပြနိုင်မှသာချေးယူခွင့်ရရှိသည်။ရရှိလာသော စပါးများသည်မျိုးကောင်းမျိုးသန့် မဟုတ်သဖြင့် အရည်အသွေးမမှီခြင်း၊ ဈေးကောင်းမရခြင်း၊ရောင်းရငွေပမာဏနည်းခြင်းတို့ကြုံ တွေ့ရပါသည်။ လေသာကျေးရွာသည်မြောက်လည်အုပ်စုတွင်တည်ရှိသည်။မြောက်လည်အုပ်စုတွင်ရွာ (၃) ရွာပါရှိပြီးစိုက်ပျိုးရေးဘဏ်မှချေးငွေများကို တအုပ်စုလုံး(၃ ရွာလုံး) ကြေပြီးမှ ချေးငွေများကို ထုတ်ပေးလေ့ရှိပါသည်။သမချေးငွေများလည်းရရှိပြီးအတိုးနှန်းမှာ(၁.၅)ကျပ်ဖြစ်ပါသည်။အဖွဲ့အလိုက် ငွေစုငွေချေးသူများလည်းရှိပါသည်။အတိုးနှန်းမှာ၃ကျပ်တိုးဖြစ်ပါသည်။အတိုးများပါသည်။မပြေလည်သူများသည်မြို့ပေါ်ရှိအပေါင်ဆိုင်သိုသွားကြပါသည်။အတိုးနှန်းမှာရွေပါ၅ကျပ်တိုးဖြစ်ပါသည်။ ဆန်စပါးနှင့်သီးနှံဈေးမရလျှင်ပြန်ဆပ်ရန်အခက်အခဲများရှိပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျွန်တော်တို့ရွာသည် သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှုကြောင့်မြေဆီဩဇာနှင့်အပင်မျိုးစိတ်များ၊ဖျက်ပိုး၊ဖျက်ပိုးအန္တရာယ်များအတွက်အခက်အခဲရှိပါသည်။ဓါတ်မြေဩဇာသုံးစွဲမှုရှိသော်လည်းနည်းပညာမသိသောကြောင့်စနစ်တကျသုံးစွဲမှုမရှိသဖြင့် အန္တရာယ်ရှိသောအခြေအနေရှိပါသည်။ဒေါင်းမြူးချောင်းနှင့်နီးသဖြင့်သဲ၊ ကျောက်၊သဲကျောက်များရရှိနိုင်ပါသည်။ရွှေလည်းအနည်းငယ်ရရှိနိုင်ပါသည်။ဆေးဘက်ဝင် သဘာဝအပင်မျိုးစိတ်များအနည်းငယ်ရရှိနိုင်ပါသည်။သဘာဝတိရိစ္ဆာန်မျိုးစိတ်များတွင်ကြွက်၊မြွေ၊ကြောင်၊ယုန်၊တောကြက်၊ခါ၊ငုံးစသောအကောင်များရရှိနိုင်ပါသည်။ရွာရှိရွာသူရွာသားများသည်စွန့်ပစ်ပစ္စည်းများကိုများသောအားဖြင့်ချောင်း၊မြောင်းထဲသို့စွန့်ပစ်ကြသည်။အချို့မှာမီးရှို့ပြီးဖျက်ဆီးကြသည်။မီးရှို့သောအခါလေထုညစ်ညမ်းမှုများဖြစ်ပေါ်၍ကျန်းမာရေးကိုဆိုးစွာဖြစ်ပေါ်စေပါသည်။ညစ်ညမ်းသည့်လေများကိုစုပ်ယူပေးသည့်သစ်တောများလည်းနည်းပါးလာသည်။ငါးရှော့တိုက်သူများရှိသောကြောင့်

ငါးများနည်းပါးလာသည်။ထို့ကြောင့်စွန့်ပစ်ပစ္စည်းများစနစ်တကျမြေမြုတ်ရန်၊ငါးရှောတိုက်မှုမရှိစေရန်သဘာဝပတ်ဝန်းကျင်ထိမ်းသိန်းရေးသည်အရေးပါလာသည်။

(ဇ)ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ လေသာရွာတွင်စာမတတ်သူဦးရေ ၆ ယောက်ရှိသည်။မူလတန်းအဆင့်ဦးရေ ၁၅၄ ယောက်ရှိ၍စာတတ်မြောက်မှုအသင့်အတင့်ရှိပါသည်။အလယ်တန်းသို့ကူးပြောင်းသူဦးရေ၃၃ယောက်၊အထက်တန်းသို့ကူးပြောင်းသူဦးရေ၂၀ ယောက်သာတက်ရောက်နိုင်သည်။တက္ကသိုသို့ကူပြောင်းသူဦရေဖြဦးသာတက်ရောက်နေသည်။အခြေခံပညာမူလတန်းကျောင်းတကိရောက်အောင်မြင်သူဦးရေ၁၉ယောက်၊အလယ်တန်းပညာသင်ယူတက်ရောက်သူ၁၆ယောက်၊အထက်တန်းပညာတက်ရောက်သူဦးရေ၁၀ယောက်၊တက္ကသိုလ်ပညာဆက်လက်ပညာသင်ကြားသူ၁ဦးသာရှိပါသည်။ကျေးရွာတွင်(ချမ်းမြသီတာ)မူလတန်းခွဲကျောင်းတစ်ကျောင်ရှိပါသည်။ရွာရှိစာသင်ကျောင်းသည်အခြေခံပညာမူလတန်း(ခွဲ)ကျောင်းဖြစ်ပါသည်။ကျောင်း၏အကျယ်အဝန်းမှာ၁၀၀'×၃၀'×၁၃၁'ပေရှိပြီးနံကပ်ကျောင်းဆောင်ဖြစ်ပါသည်။ကျောင်းအိမ်သာအသင်အတင့်ကောင်းမွန်ပါသည်။ကျောင်ပရိဘောဂများကိုမိဘဆရာအသင်းမှဖြည့်ဆည်းဆောင်ရွက်ပေးသော်လည်းလုံလောက်မှုမရှိသေးပါ။အစိုးရမှခန့်ထားသောကျောင်းဆရာ၂ယောက်ရှိပါသည်။စာသင်ကျောင်းသည် ရွာ၏အနီးတွင်ရှိသဖြင့် ကျောင်းသား/သူများ ခြေလျင်ကျောင်းတက်ကြ ပါသည်။ကျွန်တော်တို့ရွာပညာရေးမှာမူလတန်းကျောင်ခွဲဖြစ်၍ခွဲဝေအင်အားဆရာ၂ဦးသာရှိသည်။တပည့်ဆရာအချိုး၂:၂၁၊ဆရာတန်းခွဲအချိုး၂:၂ ၁/၂ဖြစ်နေ၍အခက်အခဲရှိပါသည်။ငွေကြေးမတတ်နိုင်သဖြင့်အပြင်မှကျောင်းဆရာ မငှားနိုင်ပါ။ကျောင်းသုံးဖတ်စာအုပ်လုံလောက်သော်လည်းစာရေးကိယာကိုမိဘတိုင်ကအပြည့်အစုံထောက်ပံ့ပေးနိုင်ခြင်းမရှိပါ။အားကစားနှင့်ပတ်သက်သောပစ္စည်းများရရှိနိုင်မှုအားနည်းနေပါသည်။မိဘဆရာအသင်းသည်ကျောင်းဝင်းသန့်ရှင်းရေး၊ကျောင်းအသုံးအဆောင်ပစ္စည်းပြည့်စုံရေး၊ရေရရှိရေး၊အဟာရတိုက်ကျွေးမှုစသည်တိုကိုတတ်နိုင်သ၍ဖြည့်ဆည်းဆောင်ရွက်ပေးသော်လည်းလယ်ယာလုပ်ငန်းခွင်ဝင်ရခြင်း၊သီးနှံစျေးကောင်းမရ၍စီးပွါးရေးအဆင်မပြေသောကြောင့်အပြည့်အဝမထောက်ပံ့နိုင်ပါ။ ကျောင်းသား/သူများသည် ဆရာ/မမလုံလာက်မှုကြောင့် ရှိသောအချိန်များတွင် ပညာကိုသင်ကြားနေရပြီး စာရိတ္တ၊ ဘဝတွက်တာ၊ ကာယ၊ အိမ်တွင်းမှုများကိုသင်ကြားမှု အလွန်ပင် နည်းလှပါသည်။ ထို့ကြောင့် ကျောင်းပျင်းလှသောကလေးများသည် စာပြီးရင်းစာ သင်ကြားနေရသဖြင့် တချို့မှာ ကျောင်းမပျော်တော့ဘဲ ရွာရှိ အတန်းပညာက ဆက်၍မသင်တော့ပဲ ကျွဲ၊ နွားကျောင်း၍ လယ်ယ်လုပ်ငန်းခွင်သို့ဝင်နေကြပါသည်။ ထို့ကြောင့် ကျောင်းနေပျော်၍စာတော်သောကလေးများ ဖြစ်စေရန် အထက်ပညာရေးမှူးများအနေဖြင့် ဆရာ/မများ လုံလောက်စွာထားပေးစေလိုပါသည်။ ကျွန်တော်တို့ ရွာကျောင်း၏ လိုအပ်ချက်များမှာ အားလုံးနီးပါးဖြစ်သည်။ကလေးများ အားကစားကွင်းမရှိခြင်း၊ အားကစားပစ္စည်းများမရှိခြင်း၊ ပညာရေးဌာနမှ ဝန်ဆောင်မှုမပေးခြင်းတို့ဖြစ်ပါသည်။

လေသာရွာသည်နမော်အုပ်စုတွင်ရှိသောလယ်ဦးကျန်းမာရေးဌာနခွဲဆရာမက မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုကို တာဝန်ယူပေးပါသည်။ ကာကွယ်ဆေးထိုးနှံမှုများတွင် ဆရာမ တစ်ဦးတည်းရှိသဖြင့် ကြန့်ကြာမှု အနည်းငယ်ရှိပါသည်။ မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲ အနည်းငယ် ရှိပါသည်။ ကျွန်တော်တို့ရွာတွင်လည်း အရန်သားဖွားဆရာမတစ်ဦး ရှိပါ သည်။

ကျွန်တော်တို့ရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။နမော် ကျေးရွာအုပ်စုလယ်ဦးရွာမှာသာ ကျေး လက်ကျန်းမာရေးဌာနခွဲထားရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနနှင့် (၅)ဖာလုံခန့်ကွာဝေး ပါသည်။ နေမကောင်းလျှင် ဆိုင်ကယ်နှင့် သွားကြပါသည်။ ကျန်းမာရေးဌာနခွဲတွင် ဆေးဝါး လုံလောက်မှုမရှိပါ။ ကျန်းမာရေးဌာန ဝန်ထမ်းအင်အားမှာ (၃)ရွာမှ ဆရာမ တစ်ဦးသာလျှင် ရှိပါသည်။ မြို့နယ်ဆေးရုံနှင့် (၂)မိုင် ကွာဝေးပါသည်။ အရေးပေါ် လူနာများသာ သွားရပါသည်။

ဤရွာတွင် မိုးရာသီရောက်သည်နှင့်တပြိုင်နက်သတိထားရ မည်အန္တရာယ်မှာသွေလွန်တုပ်ကွေး ရောဂါသည်လည်းပါဝင်သည်။မြန်မာနိုင်ငံတွင်သွေးလွန်တုပ်ကွေး ဖြစ်ပွါးမှု နှစ်စဉ်မြင့်တက်လျှက် ရှိရာ တစ်နှစ်လျှင်ပျမ်းမျှဦးရေ ၁၀၀၀၀ ကျော်ဖြစ်ပွါးပြီး ၆၀% သေဆုံးနေသဖြင့် အထူသတိထား ရန်လိုအပ်ပါသည်။သွေလွန်တုပ်ကွေးရောဂါသည်အေဒီးခြင်ကြား များမှကူးစက်ကြောင်းသိရပါ သည်။ယခင်ကအသက် ၁၅ အောက်ကလေးများတွင်သာ ဖြစ်ပွါး လေ့ရှိ သော်လည်း ယခုအခါအ သက် ၂၀နှင့်အထက်လူကြီးများပါဖြစ်ပွါးလာသည်ကိုတွေ့ရှိရပါသည်။သွေး လွန်တုပ်ကွေး ရောဂါမှာ ကျေးရွာတွင် အဖြစ်များ၍ မြင့်သည်ဟုသိရပါသည်။ ကျန်ရောဂါများမှာ ဖြစ် ပွားမှုနည်း၍အာဟာရ ချို့တဲ့မှုမရှိပါ။ကိုယ်ဝန်ဆောင်မိခင်များကိုမေးခိုင်ကာကွယ်ဆေးထိုးပေးခြင်း မိခင်မှရင်သွေးငယ်သို့ မကူးစက်စေရန်သွေးစစ်ခြင်း၊ကလေးများကို၂လမှဖြလအတွင်းBCG ၊ဆ.က.မ များထိုးနှံခြင်း၊ ပိုလီယိုကာကွယ်ဆေးများထိုးပေးခြင်းများပြုလုပ်ပေးပါသည်။ဇွဲလပြည့် ကလေးငယ် များကိုဝက် သက်ကျိုက်ထိုးဆေးထိုးနှံခြင်း၁နှစ်ခွဲကလေးများကိုဝက်သက်ကာကွယ်ဆေးတိုက်ကျွေး ခြင်း၊ဖြလ တစ်ကြိမ်ဗီတာမင်A တိုက်ကျွေးခြင်းနှင့်ပညာပေးဆောင်ရွက်ချက်များ ပြုလုပ်ပေးပါသည်။ ကျေး လက်ကျန်းမာရေးဌာနခွဲဆေးခန်းသည်နမော်ကျေးရွာအုပ်စုလယ်ဦးကျေးရွာတွင်ရှိပြီးရှိပြီးရွာ နှင့်၅ ဖာလုံခန့်တွင်တည်ရှိပြီး၊မြို့နယ်ဆေးရုံမှာဝန်သိုမြို့တွင်တည်ရှိပြီးရွာနှင့်၂မိုင်ခန့်ဝေးကွာပါသည် ရွာနှင့်

အနီးအနားတွင်ဆေးဆိုင်မရှိပါ။ကျေးရွာတွင်ရေအရှားဆုံးအချိန်မှာတန်ခူးလနှင့်ကဆုန်လတို့ဖြစ် သည်။ရွာတွင်ရေတွင်း၅တွင်းရှိပါသည်။ရေတွင်းမရှိသောအိမ်ထောင်စုများသည်ရေတွင်းရှိသောအိမ် များတွင်ခပ်ယူသုံးစွဲကြပါသည်။သုံးရေအဖြစ်စိမ့်စမ်းရေကိုတရွာလုံးအသုံးပြုကြပါသည်။စိမ့်စမ်းရေ ရရှိရေးအဖွဲ့ဝင်များကလည်းရေများအလေအလွင့်မရှိစေရန်၊မွေးမြူရေးသမားများကိစနစ်တကျသုံးစွဲ ရန်ရေပိုက်များစိမ့်ပေါက်နေမှုများပြင်ဆင်ခြင်း၊ရေငုတ်များမှဂိတ်ဘားများကိုပြုပြင်ခြင်းများပြုလုပ်

ပေးကြပါသည်။ကျေးရွာရှိရပ်မိရပ်ဖများ၊အုပ်ချုပ်ရေးအဖွဲ့ များနှင့်ရွာသူရွာသားများကရေ လုံလောက်စွာအသုံးပြုနိုင်ရန်စက်ရေတွင်းတူးဖော်ရရှိရေးကိုတုင်ပင်ညှိနှိုင်းဆောင်ရွက်နေကြပါသည်။

ကျေးရွာရှိ အိမ်ထောင်စု၄၅အိမ်လုံးရေလောင်အိမ်သာ၊ယင်လုံအိမ်သာများသုံးစွဲကြပါသည်။ အိမ်သာများကိုယင်လုံအောင်တည်ဆောက်ခြင်း၊မလုံလျှင်ပြုပြင်ခြင်း၊ရေလုံအောင်ဖုံးအုပ်ထားခြင်း များပြုလုပ်ထားကြရန်အသိပေးမှုများပြုလုပ်ပါသည်။အိမ်သာမရှိသောအိမ်ထောင်စုမရှိပါ။

(စ၅) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။ ။လေသာရွာ၏ရွာတွင်းလမ်းများနှင့်ကျေးရွာချင်းဆက်သွယ်သွားလာသောလမ်းများသည်မြေသားလမ်းများဖြစ်၍မိုးရာသီ၌ရွာထဲလမ်းများနှင့်အဓိကလမ်းမကြီးသည် လူများ၊ ဆိုင်ကယ်များသွားလာရာတွင် အလွန်ခက်ခဲလျက်ရှိပါသည်။ ရွာ၏ ချဉ်းကပ်လမ်းများနှင့် အဓိကလမ်းမကြီးများရှိရေကျော်များသည်မိုးများလျှင်ရေအလွန်များသောကြောင့်အရေးပေါ်သွားလာသူများအလွန်အမင်းခက္ခရောက်လျက်ရှိပါသည်။ကာကြီးများမောင်းသွားပြီးလျှင်ရွံ့ဗွက်ကြီးများနှင့် လမ်းချောနေသဖြင့်ချော်လဲခြင်းများကြုံတွေ့ရပါသည်။ပွင့်လင်းရာသီရောက်လျှင်လည်း မိုးများထားသောကြောင့်ရေတိုက်စားခြင်း၊ချိုင့်ခွက်များရှိကာတစ်ရွာမှတစ်ရွာသို့သွားလာရာတွင်ကြန့်ကြာမှုရှိပါ သည်။ရွာခြင်းဆက်လမ်းသည်

ပေဂ၀ဂကျော်ရှိပြီးကျောက်ခင်းလမ်းဖြစ်သဖြင့်တစ်နှစ်ပတ်လုံးအသုံးပြုနိုင်သော်လည်းမိုးရာသီတွင်မကောင်းပါ။ချောင်ကျောက်များနှစ်စဉ်ဖို့ပြီးပြုပြင်ရပါသည်။ရွာရှိ တံတားသည်သစ်သားတံတားဖြစ်ပြီးအလျှားဒ၅ပေအနံဒ၅ပေအမြင့်၅ပေရှိ၍ ၃၁-၃-၂၀၁၆ ရက်နေ့တွင် ဆောက်လုပ်ပြီးစီးပါသည်။တတားကြံခိုင်မှုအသင်အတင့်ကောင်းမွန်ပါသည်။

ရွာသည် မြို့နှင့်၂မိုင်ခန့်ဝေးပြီးသယ်ယူပို့ဆောင်ရေးစနစ်မှာသုံးဘီး၊ဆိုင်ကယ်များဖြင့်သွားလာကြပါသည်။ ရွာတွင်နွားလှည်း၇စီးခန့်ရှိပါသည်။ မိုးရာသီ၌ လမ်းပန်းဆက်သွယ်ရေး မကောင်းသောကြောင့် နွားလှည်းနှင့် ဆိုင်ကယ်များကိုသာ အသုံးပြုကြ ပါသည်။

ကျေးရွာ၏မီးရရှိမှုမှာအသေးစားရေအားလျှပ်နှင့်ဆိုလာမီးများသုံးစွဲနေနေကြပါသည်။ရေအားလျှပ်စစ်မှာလည်းနမော်၊လေသာ၊လယ်ဦးသုံးရွာ၏အိမ်ခြေ၃၀ကျော်ကိုဖြန့်ဝေရသဖြင့်မီးရရှိမှုမလုံလောက်ပါ။နွေရာသီတွင်ရစီးနှုန်နှေးလာကာရေနည်းလာသဖြင့်မီးမလင်းပါ။ လက်ရှိငွေကြေးအခြေအနေကြောင့် အသေးစားဆိုလာ၊ ဖယောင်းတိုင်မီးနှင့် ရေနံဆီ မီးအိမ်များကိုသာ အသုံးပြုကြသည်။ ဆိုလာမီးများသည်နွေရာသီတွင်သာအသုံးပြုနိုင်ပြီးမိုးရာသီတွင်သုံး၍မရနိုင်ပါ။မဟာဓါတ်အားလိုင်းနှင့်(၂)မိုင်အတွင်းတည်ရှိသောကြောင့်လျှပ်စစ်ဓါတ်အားများရရှိနိုင်ပါသည်။လူနေမှုအဆင့်နိမ်ကျလှသဖြင့်လျှပ်စစ်မီးရရှိလိုပါသည်။ရွာရှိ ကျောင်းသားသူငယ်များမှာလည်း ဆိုလာမီး မှိန်မှိန်နှင့်စာကျက်၍ ပညာကိုဆည်းပူးနေကြရပါသည်။ ဆိုလာမီးနှင့် စာကျက်နေရသော ကျွန်တော်တို့ရွာရှိ ကျောင်းသားလေးများ၏ပညာရေး၊ ရည်မှန်းချက်၊ မျှော်လင့်ချက်များမှာ မှေးမှိန်လွန်းလှပါသည်။

လေသာရွာတွင် ဆက်သွယ်ရေးတွင် ဖုန်း(၆၃)လုံးရှိပြီး ၊ရေဒီယို(၄)လုံး၊ တီဗွီ(၃၅)လုံးနှင့် စလောင်း(၂၅) ပိုင်ဆိုင်ကြပါသည်။စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ပါတ်သက်သောသတင်း အချက် အ လက်များကိုအချိန်နှင့်တပြေးညီရယူနိုင်သော်လည်းလျှပ်စစ်မီးမရှိသောကြောင့်နည်းစနစ်ကောင်းများ လက်လွတ်ဆုံးရှုံးရပါသည်။ မိုးရာသီတွင် ရာသီဥတုဆိုးရွားမှုနှင့် ဆိုလာစနစ်ကြောင့် တီဗွီရှိသော်လည်း မီးအခြေအနေကြောင့် မကြည့်ရသေးသော အိမ်များရှိပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။လေသာရွာတွင်လူငယ်မောင်မယ်များသည် သာရေး၊နာရေး၊ မင်္ဂလာပွဲနှင့်အလှူပွဲများတွင်မဏ္ဍာပ်ထိုးခြင်း၊စားပွဲထိုင်ခုံများသယ်ခြင်းရေနွေး ကြမ်းလိုက်ခြင်း၊ဟင်း လိုက်ခြင်းများ၊ပါဝင်ကူညီလုပ်ကိုင်ကြပါသည်။လမ်ဖေါက်ခြင်းတံတားဆောက် ခြင်း၊များတွင်တက် ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။အားလပ်ချိန်များတွင်အနားယူအပန်းဖြေ ရန်ရွာ၏အရှေ့ဘက်ရှိ ဘော့လုံးကွင်းတွင်ဘောလုံးကန်ခြင်း၊ခြင်းခတ်ခြင်း၊များနှင့်ပျော်ရွှင်စွာကစား နေကြသည်ကိုတွေ့မြင် ရပါသည်။ လူမှုရေးလုပ်ငန်းများတွင် လူငယ်အဖွဲ့စည်းများ တက်ညီ လက်ညီ ပါဝင်ဆောင်ရွက် ကြပါ သည်။ ကျွန်တော်တို့ရွာတွင် လူငယ်အားကစားကွင်းများ၊ ကာယလေ့ကျင့်ခန်းများ ဆောင်ရွက်ရန် နေရာအထောက်အကူပစ္စည်းများမရှိခြင်း၊ လူငယ်များ အနားယူအပန်းဖြေစရာ ပန်းခြံ၊စာကြည့်တိုက် များ၊ လူငယ်ရိပ်သာများမရှိခြင်းတို့ကြောင့် လူငယ် များ လေ့လာမှုတစ်ရပ်အားနည်းနေပါသည်။ထိုအ ရာများအားလုံးမရှိခြင်းကြောင့် အသိပညာ၊ ဗဟုသုတ၊ စဉ်စားချင့်ချိန်နိုင်စွမ်းလျော့နည်းလာပြီး မူး ယစ်ဆေးဝါးများကို သုံးစွဲလာကြပြီး ရွာသည် မဖွံ့ဖြိုးတော့ပဲ ဆင်းရဲလာကြပါသည်။လူငယ်များသည် သမရိုးကျ လယ်ယာများကို မိဘနှင့်အတူ စိုက်ပျိုးကြ ပါသည်။ ရွာ၏လူငယ်များကို ပြင်ပအဖွဲ့စည်း များနှင့် အစိုးရအဖွဲ့အစည်းများမှ အသိပညာ၊ အတတ်ပညာသင်တန်းပို့ချမှုနှင့် အခြား ဝန်ဆောင် မှု များရရှိလျှင် အလွန်ပင်အဖိုးတန်သော လူငယ် များ အမြောက်အများ ထွက်ရှိလာမည် ဖြစ်သည်။

(၄) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။။လေသာရွာတွင်ဆက်သွယ်ရေးနှင့်သတင်း အချက်အလက်ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦးများ မရှိပါ။အာမခံဝန်ဆောင် မှုလုပ်ငန်းများမရှိပါ။မှုခင်းကာကွယ်တားဆီးလျော့ချရန်ရဲဌာနမှပညာပေးခြင်းမရှိပါ။ကျေးရွာတွင်မူး ယစ်ဆေးဝါးသုံးစွဲလာသူများပြားလာခြင်းကြောင့်မူးယစ်ဖမ်းဆီးရေးအဖွဲ့အစည်းများကျေးရွာတွင်ဖွဲ့ စည်းထာပါသည်။အမျိုးသား:၄ဦး၊လူငယ်၄ဦး၊အမျိုးသမီး၂ဦး၊ စုစုပေါင်း၁၀ဦးဖွဲ့စည်းထားပြီးရွာ၏ လုံခြုံရေးကိုတာဝန်ယူဆောင်ရွက်နေပါသည်။ ကျွန်တော်တို့ရွာတွင် အဖြစ်များဆုံးအမှုမှာ မူးယစ် ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုဖြစ်၍အခြေအနေမှာစိုးရိမ်ရပါသည်။။ ခိုက်ရန်ဖြစ်ပွားမှု၊ခိုးမှုတို့ဖြစ် ပြီးအခြေအနေမှာသာမာန်ဖြစ်ပါသည်။။ လူကုန်ကူးမှုနှင့် အကြမ်းဖက် လုယက်မှုများမရှိပါ။မူးယစ် ဆေးဝါးများပေါများလာသည့်အတွက်သုံးစွဲသူဦးရေများပြားလာပြီးခိုးမှုများပေါ် ပေါက်လာကြပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများသည် ကျွဲ၊နွား၊များကို ခိုးယူရောင်းချခြင်း၊ဆိုင်ကယ်များကိုခိုယူခြင်း အ

များဆုံးဖြစ်ပေါ်ပါသည်။ယခင်ကလိုစိတ်အေးချမ်သာစွာမအိပ်ရကြတော့ပါခွေဟောင်တိုင်းထကြည့်နေရသည့်အခြေအနေမျိုးဖြစ်နေသည်။ထို့ကြောင့် မူးယစ်ဆေးဝါးသည် ကျွန်တော်တို့ရွာ၏အဓိကရန်သူ ဖြစ်၍အထက်အရာရှိများက တင်းတင်းကြပ်ကြပ် လုပ်ဆောင်ပေးစေလိုပါသည်။ မူးယစ်ဆေးဝါးပေါများသဖြင့် ညအခါသွားလာရာတွင် အန္တရာယ် အလွန်ပင်များပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့်ရှိပါသည်။လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုတက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။စိုက်ပျိုးရေးအတွက်လယ်ယာမြေများရှိပြီး မြေဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။ရေအရင်းအမြစ်ရရှိနိုင်သောတောင်ကျချောင်းများရှိပါသည်။မြေလွတ် မြေရိုင်းများ ပေါများခြင်းကြောင့် မွေးမြူရေးတွင်လည်း နွား၊ ကြက်၊ ဝက်များကို တိုးချဲ့မွေးမြူနိုင်ပါသည်။ စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများလုပ်ကိုင်နိုင်ရန်ကုန်ကြမ်းများရရှိနိုင်ပါသည်။သဘာဝတိရိစ္ဆာန်မျိုးစိတ်များပေါများပါသည်။ရွှေအနည်းငယ်တူးဖော်ရရှိနိုင်ပြီးကျောက်၊သဲများပေါများစွာရရှိနိုင်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် တောင်ကျချောင်းရေများရှိသော်လည်း ရေကိုသိုလှောင်မထားနိုင်ခြင်းကြောင့် မိုးရေကိုသာမှီခိုအားထား၍ စိုက်ပျိုးနေကြရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေရသော်လည်း နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ မွေးမြူ ရေးလုပ်ငန်းများကိုတိုးချဲ့လုပ်ဆောင်ရန်ချေးငွေမရှိပါ။အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်းကြောင့် စိုက်ပျိုးရာသီ ပြီးချိန်တွင် အခြားဒေသများသို့ သွားရောက်၍ ဝင်ငွေရှာဖွေကြရပါသည်။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများလုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ စျေးကွက်နှင့် လျှပ်စစ်မီးများလက်လှမ်းမမီကြပါ။ လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ထွက်ကုန်များ အချိန်မှီ စျေးကွက်သို့ မတင်ပို့နိုင်ကြခြင်းသည်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်နေပါသည်။ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ကူးစက်ရောဂါရရှိသူများပြားလာပြီး ဦးဆောင်နိုင်သောအမျိုးသားများနည်းပါးလာခြင်းကြောင့် မြေယာမဲ့ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ စျေးရောင်းရသူများ ပေါများလာခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျှော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည်။

က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူ ခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

က၊၂) အခြေခံပညာရေး၊ကျန်းမာရေး၊ရေနှင့်သန့်ရှင်းရေး၊လမ်းပန်းဆက်သွယ်ရေးနှင့်ကျေးရွာမီး လင်း ရေးစသည့် လူမှုအခြေခံအဆောက်အဦးများ လက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ် ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာ အသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက် ရှိသော သီးနှံထုတ်ကုန်စျေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေး ကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေး

စားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားရမည်။

(၂) ကျေးရွာ၏ပညာရေးတက်မြောက်မှုတိုးတက်လာစေရန်မိဘဆရာပူးပေါင်း၍ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများဖြည့်ဆည်းခြင်းပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေးစောင့်ရှောက်မှုအတွက်အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့်ဝန်ဆောင်မှုများချိတ်ဆက်ခြင်း၊တစ်နှစ်ပတ်လုံးရေရရှိအောင်ရေလှောင်ကန်များတည်ဆောက်ခြင်းတို့ကိုလုပ်ဆောင်ကြရပါမည်။ ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန်စာဖတ်အလေ့အကျင့်ဖြစ်လာစေရန်စာကြည့်တိုက်အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက် ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီး ပေးခြင်း၊ လူငယ်စွမ်းရည် မြှင့်တင်ရေး လုပ်ငန်း များမိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနိုးဆော်ခြင်း၊ လူငယ်များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး သွယ်တန်းခြင်းများ ပြုလုပ်သွားခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက်

မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖေါ်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ၄ားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(၈) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။ အခြေခံအဆောက်အဦ	၁။ရွာတွင်းလမ်းနှင့်ကျေးရွာခြင်းဆက်လမ်းများအားမြေသားလမ်းမှကျင်းလမ်းသို့အဆင့်မြင့်တင်ဆောင်ရွက်ခြင်း	၆၂	၄		
၂။ စိုက်ပျိုးရေး	၂။လယ်သွင်းမြောင်းပြန်လည် တူးဖော်ခြင်း	၇၁	၃		
၃။ လျှပ်စစ်	၃။ကျေးရွာမီးလင်းရေးမဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးသွယ်တန်းခြင်း	၇၅	၁		
၄။သောက်သုံးရေရရှိရန်ဆောင်ရွက်ခြင်း	၄။ စက်ရေတွင်းတူးဖော်ဆောင်ရွက်ခြင်း	၇၃	၂		

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင် ဆောင်ရွက်ခြင်း • မြေသားလမ်းမှ ကျင်း ခင်းလမ်း	၄		✓			
၂	စိုက်ပျိုးရေ ရရှိရန် ဆောင်ရွက်ခြင်း • လယ်သွင်းမြောင်းများပြန်လည် တူးဖော်ခြင်း	၃			✓		
၃။	လျှပ်စစ် ၃။ကျေးရွာမီးလင်းရေးမဟာဓါတ်အား လိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်း	၁		✓			
၄	သောက်သုံးရေ ရရှိရန် ဆောင်ရွက်ခြင်း • စက်ရေတွင်း တူးဖော်ခြင်း	၂				✓	

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင် ရည်မြှင့်တင်ရေး	
၁	လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင်ဆောင်ရွက်ခြင်း • မြေသားလမ်းမှ ဂျင်းခင်းလမ်းသို့ အဆင့်မြင့် တင်ခြင်း	✓				
၂	ကျေးရွာမီးလင်းရေးမဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်း	✓				
၃	သောက်သုံးရေရရှိရန်စက်ရေတွင်းတူးဖော်ဆောင် ရွက်ခြင်း	✓				
၄	စိုက်ပျိုးရေ ရရှိရန် ဆောင်ရွက်ခြင်း • လယ်သွင်းမြောင်းများပြန်လည်တူးဖော်ခြင်း	✓				

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင် အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန် များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီး ကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီး ကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထား ရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင် ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်း ကမ်း များ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့ အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘ ဆရာအသင်း စသည်ဖြင့် ဆောင် ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေ အနေ များအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲ ဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ် သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင် အထည် ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စု များ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်း များတည် ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ် ဆေး ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့ အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထု အစည်း အဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည် ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သော အဆို ပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်း ယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲ များ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင် ကျော်လွှား

မှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက် မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ
  (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြား ပါဝင်သက်ဆိုင် သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်း ကိုလည်းရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီ များကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းရမည့် နည်းလမ်း	အဆိုပြုစီမံချက် နှင့် လုပ်ငန်းများ
၁။	• ရွာတွင်း၊ ရွာပြင် နှင့် ရွာချင်းဆက်လမ်းများ သွားလာရာတွင် အန္တရာယ်ဖြစ်ခြင်း	• မြေသားလမ်းဖြစ်ခြင်း • မိုးရာသီတွင် ဗွက်ထခြင်း • ရေတိုက်စားခြင်း • ချိုင့်ခွက်များကြောင့် သွားလာရခက်ခဲခြင်း • လမ်းမအလယ်တွင်မြောင်းများဖြစ်ပေါ်နေခြင်း	• သဲ၊ ကျောက် ရနိုင်ခြင်း • သစ်ရနိုင်ခြင်း • လုပ်အားပေးနိုင်ခြင်း • ရေရှည်တည်တံ့ခိုင်မြဲအောင် စုပေါင်းထိန်းသိမ်းဆောင်ရွက်နိုင်ခြင်း • လမ်းဦးစီးဌာနရှိခြင်း	• ငွေကြေးမတတ်နိုင်ကြခြင်း • နည်းပညာ အားနည်းခြင်း • ဌာနများတွင် ဘတ်ဂျက် အကန့်အသတ်ရှိခြင်း	• ကျေးလက်လမ်းဦးစီးဌာန နှင့် ချိတ် ဆက်၍ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခြင်း • ကျေးရွာမှ သဲ၊ ကျောက်၊ လုပ်အားများ ပူးပေါင်းထည့်ဝင်ခြင်း • မြေသားလမ်းမှ ကျင်းလမ်းသို့ အဆင့်မြင့်တင်ခြင်း	• လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင် ဆောင်ရွက်ခြင်း • မြေသားလမ်းမှ ကျောက်ခင်းလမ်းသို့ အဆင့် မြင့်တင်ခြင်း
၂။	• စိုက်ပျိုးရေ မလုံလောက်ခြင်း	• လယ်သွင်းမြောင်းများ တိမ်ကောနေခြင်း	• ချောင်းမြောင်းရှိခြင်း •	• ငွေကြေးမတတ်နိုင်ကြခြင်း • နည်းပညာ အားနည်းခြင်း • ဌာနများတွင် ဘတ်ဂျက် အကန့်အသတ်ရှိခြင်း • ချောင်းမြောင်းများရှိသော်လည်းရေမနေခြင်း •	• အစိုးရဌာနဆိုင်ရာများ နှင့်ပူးပေါင်းဆောင်ရွက်ခြင်း • ချောင်းပြန်လည် တူးဖော်ခြင်း	• စိုက်ပျိုးရေ ရရှိရန် ဆောင်ရွက်ခြင်း • ချောင်းပြန်လည် တူးဖော်ခြင်း •

၃။	• လျှပ်စစ်မီးမရှိခြင်း	• လူနေမှုအဆင့်နိမ့်ကျခြင်း • စီးပွါးရေးပညာရေးဖွံ့ဖြိုးမှုအားနည်းခြင်း	• မဟာဓါတ်အားလိုင်းနှင့်ျမိုင်အတွင်းရှိနေခြင်း • မီးတိုင်များစုဆောင်းပြီးမီးကြိုးများရှိနေခြင်း	• ငွေကြေးမတတ်နိုင်ကြခြင်း •	• မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း	• ကျေးရွာမီးလင်းရေးမဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးသွယ်တန်းခြင်း
၄။	• သောက်သုံးရေမလုံလောက် ခြင်း	• ရေသန့်မရရှိခြင်း • ရေဆီထွက်ခြင်း • အနံ့ထွက်ခြင်း • နွေရာသီတွင်ရေမလုံလောက်ခြင်း	• သဲ၊ ကျောက် ရနိုင်ခြင်း • ရေတွင်းတူးဖော်ရန်နေရာရှိခြင်း • လုပ်အားများထည့်ဝင်နိုင်ခြင်း	• ငွေကြေးမတတ်နိုင်ခြင်း • နွေရာသီတွင်ရေမလုံလောက်ခြင်း	• အစိုးရဌာနဆိုင်ရာများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း • ကျေးလက်ဦးစီးဌာနရှိခြင်း	• သောက်သုံးရေ ရရှိရန် စက်ရေတွင်းတူးဖော်ဆောင်ရွက်ခြင်း

				•	•	•
		•	•	•	•	•
		•	•	•	•	

မြို့ငယ်ကျေး ကျေးရွာ၊ ရေဝေမြောင်သာ ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကံထွန်း	ဦးကြီးဖေ	၅/ဝဿန(နိုင်)၀၀၈၁၈၄	၄၉	ဥက္ကဋ္ဌ	၀၉-၄၇၀၇၇၁၀၃
၂	ဦးဖိုးဇော်	ဦးထွန်းသိန်း	၅/ဝဿန(နိုင်)၀၄၇၈၈၄	၃၂	အတွင်းရေးမှူး	၀၉-၂၅၄၆၃၃၉၂၇
၃	ဦဘကံ	ဦးဘမောင်	၅/ဝဿန(နိုင်)၀၂၀၈၂၀၂	၅၁	ဘဏ္ဍာရေးမှူး	၀၉-၄၀၀၅၁၇၄၄
၄	ဦးတင်ဦး	ဦးရဲကျော်	၅/ဝဿန(နိုင်)၀၀၈၁၉၄	၄၅	သော့ကိုင်	
၅	ဒေါ်စန်းစန်းဝင်း	ဦးထွန်းမြင့်	၅/ဝဿန(နိုင်)၀၅၃၈၇၇	၂၅	စာရင်းကိုင်	၀၉-၂၅၉၂၁၇၈၆၅
၆	ဒေါ်သန္တာဝင်း	ဦးချစ်ဦး	၅/ဝဿန(နိုင်)၀၆၈၈၉၆	၂၁	အဖွဲ့ဝင်	
၇	ဒေါ်အိအိခိုင်	ဦးသိန်းဟန်	၅/ဝဿန(နိုင်)၀၅၈၄၃၉	၂၄	အဖွဲ့ဝင်	၀၉-၇၉၃၉၆၉၆၈၃

ရည်ညွှန်းချက်များ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ကျေးရွာ၏ လူမှုစီးပွားရေးအထောက်အကူပြု ဇယားများ

အပိုင်း(ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ – လေသာ ကျေးရွာအုပ်စု – မြောက်လည်ကျေးရွာအုပ်စု မြို့နယ် – ဝန်းသိုမြို့နယ် တိုင်းဒေသကြီး / ပြည်နယ် – စစ်ကိုင်းတိုင်းဒေသကြီး	
စီမံချက်အမည် – ဂျင်းအမာခံလမ်းခင်းရန်	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ မိုးရာသီတွင်ရွာတွင်လမ်းမကောင်းခြင်း၊သွားလာရခက်ခဲခြင်း၊ဗွက်ထခြင်း၊ရွံ့ထူခြင်း	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) လက်ရှိမြေသားလမ်းမှဂျင်းခင်းလမ်းဆောင်ရွက်လိုခြင်း	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ) သွားလာရလွယ်ကူခြင်း၊ပညာရေး၊စီးပွားရေး၊ကျန်းမာရေးတိုးတက်ကောင်းမွန်ခြင်း	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) မြေသားလမ်းမှဂျင်းခင်လမ်းခင်းခြင်းလုပ်ငန်း(၁/၃မိုင်×၁၂'×၆")	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀၀ သိန်း(ငွေသား) • (ငွေသား) • ……(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်				၂၅	၁၀	၁၀	-	၄၅
အကျိုးခံစားမည့် ဦးရေ	၁၂၅	၁၄၀	၂၆၅					
မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် - ၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ရပ်မိရပ်ဖများရွာသူရွာသားများ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း ၂၀၁၈ -၂၀၁၉
(၃) စီမံချက်ပြီးစီးမည့်အချိန် ၂၀၁၈-၂၀၁၉
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် လုပ်ငန်းဆောင်ရွက်ရန်ကျေးရွာမှပစ္စည်းနှင့်လုပ်အားရရှိအောင်ကျေးအုပ်ချုပ်ရေးအဖွဲ့အစည်းများမှစည်းရုံး ဆောင်ရွက်သွားပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ရပ်မိရပ်ဖများ

အပိုင်း(ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ – လေသာ ကျေးရွာအုပ်စု – မြောက်လည်ကျေးရွာအုပ်စု မြို့နယ် – ဝန်းသိုမြို့နယ် တိုင်းဒေသကြီး / ပြည်နယ် – စစ်ကိုင်းတိုင်းဒေသကြီး	
စီမံချက်အမည် – ကျေးရွာမီးလင်ရေးမဟာဓါတ်အားလိုင်မှလျှပ်စစ်မီးသွယ်တန်းခြင်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ လူနေမှုအဆင့်နိမ့်ကျခြင်း၊စီးပွါးရေးပညာရေးဖွံ့ဖြိုးမှုအားနည်းခြင်း	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) လက်ရှိဆိုလာမီး၊အသေးစားရေအားလျှပ်စစ်မှမဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးရရှိရန်ဆောင်ရွက်ခြင်း၊ မီးတိုင်များမီးကြိုးများစုဆောင်းထားရှိပြီးြဖစ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ ပညာရေး၊စီးပွားရေး၊ဖွံ့ဖြိုးတိုးတက်လာခြင်း၊လူနေမှုအဆင့်မြင့်လာခြင်း	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) မဟာဓါတ်အားလိုင်းနှင့်၂မိုင်အတွင်းတည်ရှိပါသည်။ မီးတိုင်များမီးကြိုးများစုဆောင်းထားရှိပြီးဖြစ်ပါသည်။	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀၀ သိန်း(ငွေသား) • (ငွေသား) • ……(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်				၂၅	၁၀	၁၀	-	၄၅
အကျိုးခံစားမည့် ဦးရေ	၁၂၅	၁၄၀	၂၆၅					
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ရပ်မိရပ်ဖများရွာသူရွာသားများ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း ၂၀၁၈ –၂၀၁၉
(၃) စီမံချက်ပြီးစီးမည့်အချိန် ၂၀၁၈–၂၀၁၉
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် လုပ်ငန်းဆောင်ရွက်ရန်ကျေးရွာမှပစ္စည်းနှင့်လုပ်အားရရှိအောင်ကျေးအုပ်ချုပ်ရေးအဖွဲ့အစည်းများမှစည်းရုံး ဆောင်ရွက်သွာပါမည်။ မီးတိုင်များမီးကြိုးများစုဆောင်းထားရှိပြီးဖြစ်ပါသည်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ရပ်မိရပ်ဖများ

အပိုင်း(ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ – လေသာ ကျေးရွာအုပ်စု – မြောက်လည်ကျေးရွာအုပ်စု မြို့နယ် – ဝန်းသိုမြို့နယ် တိုင်းဒေသကြီး / ပြည်နယ် – စစ်ကိုင်းတိုင်းဒေသကြီး	
စီမံချက်အမည် – သောက်သုံးရေရရှိရန်စက်ရေတွင်တူးဖော်ဆောင်ရွက်ခြင်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ နွေရာသီတွင်ရွာတွင်သောက်သုံးရေများမလုံလောက်ခြင်း၊ရေဆီထွက်ခြင်း၊အနှံ့နံခြင်း	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) စက်ရေတွင်းတူးဖော်ဆောင်ရွက်ခြင်း။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ) သန့်ရှင်သောသောက်သုံးရေရရှိခြင်း၊ကျန်းမာခြင်း	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) စက်ရေတွင်တူးဖော်ခြင်း၊ရေလောင်ကန်တည်ဆောက်ခြင်း	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀၀ သိန်း(ငွေသား) • (ငွေသား) • ……(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်				၂၅	၁၀	၁၀	-	၄၅
အကျိုးခံစားမည့် ဦးရေ	၁၂၅	၁၄၀	၂၆၅					
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ရပ်မိရပ်ဖများရွာသူရွာသားများ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း ၂၀၁၉ –၂၀၁၂၀
(၃) စီမံချက်ပြီးစီးမည့်အချိန် ၂၀၂၀
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် လုပ်ငန်းဆောင်ရွက်ရန်ကျေးရွာမှသဲကျောက်းနှင့်လုပ်အားများရရှိအောင်ကျေးအုပ်ချုပ်ရေးအဖွဲ့အစည်းများ မှစည်းရုံးဆောင်ရွက်သွားပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ရပ်မိရပ်ဖများ

အပိုင်း(ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ – လေသာ ကျေးရွာအုပ်စု – မြောက်လည်ကျေးရွာအုပ်စု မြို့နယ် – ဝန်းသိုမြို့နယ် တိုင်းဒေသကြီး / ပြည်နယ် – စစ်ကိုင်းတိုင်းဒေသကြီး	
စီမံချက်အမည် – စိုက်ပျိုးရေရရှိရန် ဆောင်ရွက်ခြင်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ လယ်သွင်းမြောင်းထက်လယ်မြေကနိမ့်နေသဖြင့်လယ်ထဲတွင်ရေများအီနေခြင်းစပါးပင်များပုတ်ခြင်း၊သေခြင်း လယ်သွင်းမြောင်းများတိမ်ကောနေခြင်း၊ယဉ်ယန္တယားငှားရန်းရန်ငွေကြေးမတတ်နိုင်ခြင်း၊ လူအင်အားနှင့် မနိုင်ခြင်း ဌာနဆိုင်ရာတွင်ယဉ်ယန္တယားအကူအညီရယူလိုပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) တိမ်ကောနေသောရေမြောင်းများကိုဘက်ဖိုးနှင့်တူးဖော်ရန်၊ဌာနဆိုင်ရာတွင်ယဉ်ယန္တယားအကူအညီရယူ လိုပါ သည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ) ရေသွင်းမြောင်းတွင်ရေများရေစီးရေလာကောင်းမွန်ခြင်း၊လယ်ရေများအသွင်းအထုတ်လွယ်ကူခြင်း ၊စပါး အထွက်တိုးလာခြင်း၊	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) ရေသွင်းမြောင်းပေအရှည် ×အကျယ်	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀၀ သိန်း(ငွေသား) • (ငွေသား) • ……(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်				၂၅	၁၀	၁၀	-	၄၅
အကျိုးခံစားမည့် ဦးရေ	၁၂၅	၁၄၀	၂၆၅					
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ရပ်မိရပ်ဖများရွာသူရွာသားများ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း ၂၀၁၉ –၂၀၂၀
(၃) စီမံချက်ပြီးစီးမည့်အချိန် ၂၀၂၀
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် လုပ်ငန်းဆောင်ရွက်ရန်ကျေးရွာမှလုပ်အားရရှိအောင်ကျေးအုပ်ချုပ်ရေးအဖွဲ့အစည်းများမှစည်းရုံး ဆောင်ရွက်သွာပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ရပ်မိရပ်ဖများ